# မန္တလေး နေ့စဉ်

# တပ်မတော်နေ့ အထူးထုတ်

၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက် (ကြာသပတေးနေ့)

## နှစ် (၈၀) ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏။









# တစ်ချိန်က တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲများ

ကို(တက္ကသိုလ်)

☆ ပြိုင်ပွဲဝင်တို့အနေဖြင့် အကြောင်းအရာ ကုန်ကြမ်းရှာဖွေရာမှ နိုင်ငံ့သမိုင်း၊ တပ်မတော်သမိုင်း၊ လွတ်လပ်ရေးသမိုင်းနှင့် သမိုင်းဝင်တိုက်ပွဲများ၊ တရားသောစစ်ပွဲများအကြောင်း ဗဟုသုတရရှိစေသည်။ တပ်မတော်နှင့်ပြည်သူကို ရင်းနှီးနွေးထွေးစေသည်။ ဤသည်တို့မှာ တပ်မတော်နေ့ ကဗျာပြိုင်ပွဲက ရယူပေးခဲ့သော အကျိုးကျေးဇူးများပင် . . .

☆ ပြိုင်ပွဲဝင်တွေ လူမျိုးလူတန်းစားစုံသည်။ တိုင်းရင်းသားတွေ၊ ကျောင်းသူကျောင်းသားတွေ၊ ဆရာဝန်၊ ဈေးသည်၊ စစ်သား၊ ရဲတပ်ဖွဲ့ဝင်၊ အလုပ်သမားတွေသာမက သံဃာတော်အချို့ပင် ယှဉ်ပြိုင်၏။ ၎င်းတို့၏ လက်ရာတွေကလည်း ရေးဖွဲ့ပုံစုံလှ . . .

တပ်မတော်နေ့ နီးကပ်လာတိုင်း တစ်ချိန်က တပ်မတော်နေ့လုပ်ငန်းတွင် ပါဝင်ခဲ့ရပုံကို ပြန်လည်သတိရမြဲဖြစ်သည်။ ထိုလုပ်ငန်းမှာ တပ်မတော်နေ့ စာပေနှင့် အနုပညာပြိုင်ပွဲလုပ်ငန်းဖြစ်သည်။ ၂၀၀၁ ခုနှစ် (၅၆) နှစ်မြောက် တပ်မတော်နေ့ပြိုင်ပွဲမှစ၍ နေပြည်တော်မပြောင်းရွှေ့မီ ၂၀၀၄ ခုနှစ် (၅၉) နှစ်မြောက် တပ်မတော်နေ့ပြိုင်ပွဲအထိ ကျွန်တော် ပါဝင်ခဲ့ပုံကို မှတ်မိနေသေးတော့သည်။

ထိုစဉ်က တပ်မတော်နေ့ဆိုင်ရာပြိုင်ပွဲများကို စစ်ဦးစီးအရာရှိချုပ်(လေ)က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော 'စာပေအနုပညာပြိုင်ပွဲ ကော်မတီ' က ကြီးကြပ်သည်။ ကော်မတီ၏ လက်အောက်တွင် လုပ်ငန်းကော်မတီ သုံးခုရှိ၏။ ၎င်းတို့မှာ အထက်တွင် ဆိုခဲ့သော 'ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ'၊ 'ကဗျာ၊ စာစီစာကုံးပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ' နှင့် 'စာပေနှင့် ခေတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ' တို့ ဖြစ်ကြ၏။

စာပေနှင့် ခေတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီက ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါးနှင့် ခေတ်ပုံပြိုင်ပွဲများကို ကျင်းပပေးသည်။ လုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌမှာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် ဖြစ်၏။

ကဗျာ၊ စာစီစာကုံး ကျင်းပရေးလုပ်ငန်းကော်မတီသည် ကျောင်းသူ ကျောင်းသားတို့၏ ကဗျာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို အတန်းခွဲ၍ ကျင်းပပေးသည်။ ဥက္ကဋ္ဌမှာ ပညာရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင် ဖြစ်သည်။

ကျွန်တော်ပါဝင်သော ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌမှာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးညွန့် (ထီလာစစ်သူ) ဖြစ်ပါသည်။ ဤလုပ်ငန်းကော်မတီ၏လက်အောက်တွင် 'ကဗျာပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ'၊ 'ပန်းချီ၊ ပန်းပုပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ'၊ 'စစ်ချီစစ်ရေးတေး ကျင်းပရေး ဆပ်ကော်မတီ' နှင့် 'ပြခန်းခင်းကျင်းပြသရေး ဆပ်ကော်မတီ' ဟူ၍ ဆပ်ကော်မတီလေးခု ဖွဲ့စည်းထားလေသည်။

ကဗျာပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ဥက္ကဋ္ဌမှာ ဂီတစာဆို ဦးမောင်မောင်လတ် (ကဗျာဆရာ-နောင်) ဖြစ်သည်။ ပန်းချီ ပန်းပုဥက္ကဋ္ဌမှာ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ပါချုပ် ဦးတင်စိုး၊ စစ်ချီစစ်ရေးတေး ဥက္ကဋ္ဌမှာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး (ရေဒီယို) ဦးကိုကိုထွေး၊ ယင်းဆပ်ကော်မတီသုံးခု၏ အနုပညာပစ္စည်းများကို ခင်းကျင်းပြသပေးရသော ဆပ်ကော်မတီဥက္ကဋ္ဌမှာ ညွှန်ကြားရေးမှူးချုပ် (ပြတိုက်) ဦးမြင့်သိန်းဆွေတို့ ဖြစ်ကြ၏။

ကျွန်တော်က ကဗျာပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီတွင် အဖွဲ့ဝင်ဖြစ်ပြီး ဆရာနောင်၊ ဆရာညွန့်ဝေ(ကသာ)၊ ဆရာပျဉ်းမနားမောင်နီသင်း၊ ဆရာမြင်းမူမောင်နိုင်မိုး၊ ဆရာမောင်ကြင်နွယ်၊ ဆရာမောင်သော်မော်၊ ဆရာမ ချိုမြနွယ်တို့နှင့်အတူ ပြိုင်ပွဲဝင်ကဗျာတို၊ ကဗျာရှည်များကို ဖတ်ရှုအကဲဖြတ်ပေးရသည်။

ကဗျာဆုရွေးချယ်ပုံစနစ်မှာ အကြောင်းအရာ၊ တင်ပြပုံ၊ ရေးဖွဲ့ပုံဟူသောအချက်သုံးချက်ကို အဓိကထားကြည့်သည်။ မြန်မာကဗျာစပ်ထုံးစပ်နည်းနှင့် ညီညွတ်စွာ ရေးဖွဲ့ရသည်။ အကြောင်းအရာအားဖြင့် တပ်မတော်နှင့်သက်ဆိုင်သောအကြောင်းအရာ၊ တိုင်းပြုပြည်ပြုအကြောင်းအရာ၊ တိုင်းရင်းသားသွေးစည်းညီညွတ်မှုအကြောင်းအရာများဖြစ်သောကြောင့် မျိုးချစ်စိတ်နှင့် ဓာတိမာန်တက်ကြွစေသည်။ အစဉ်အလာစပ်ထုံးစပ်နည်းကို လေ့လာရေးဖွဲ့ကြရသဖြင့် စာပေယဉ်ကျေးမှုအမွေအနှစ်ကို စောင့်ထိန်းရာရောက်သည်။ ကဗျာကလောင်သစ်များကို မွေးထုတ်ပေးနိုင်ခဲ့သည်။ ပြိုင်ပွဲဝင်တို့အနေဖြင့် အကြောင်းအရာ ကုန်ကြမ်းရှာဖွေရာမှ နိုင်ငံ့သမိုင်း၊ တပ်မတော်သမိုင်း၊ လွတ်လပ်ရေးသမိုင်းနှင့် သမိုင်းဝင်တိုက်ပွဲများ၊ တရားသောစစ်ပွဲများအကြောင်း ဗဟုသုတရရှိစေသည်။ တပ်မတော်နှင့်ပြည်သူကို ရင်းနှီးနွေးထွေးစေသည်။ ဤသည်တို့မှာ တပ်မတော်နေ့ ကဗျာပြိုင်ပွဲက ရယူပေးခဲ့သော အကျိုးကျေးဇူးများပင်။

**မော်ကွန်းကဗျာရှည်ကြီးများ အားရဖွယ်ကောင်း**

ပြိုင်ပွဲဝင်တွေ လူမျိုးလူတန်းစားစုံသည်။ တိုင်းရင်းသားတွေ၊ ကျောင်းသူကျောင်းသားတွေ၊ ဆရာဝန်၊ ဈေးသည်၊ စစ်သား၊ ရဲတပ်ဖွဲ့ဝင်၊ အလုပ်သမားတွေသာမက သံဃာတော်အချို့ပင် ယှဉ်ပြိုင်၏။ ၎င်းတို့၏ လက်ရာတွေကလည်း ရေးဖွဲ့ပုံစုံလှသည်။ လေးလုံးစပ်လင်္ကာ၊ တျာချင်း၊ ဒွေးချိုး၊ လေးချိုး၊ လေးချိုးကြီး၊ ကာချင်း စသည်ဖြင့် အကြောင်းအရာနှင့်ဆီလျော်သော ကဗျာပုံသဏ္ဍာန်ကို ရွေးချယ်စပ်ဆိုကြသည်။ အားလုံးကောင်းသည်ဟုတော့မဆိုပါ။ ကာရန်လွတ်သော၊ အကြောင်းအရာအားပျော့သော ကဗျာတွေပါသကဲ့သို့ အံ့သြချီးမွမ်းလောက်သည့် လက်ရာကောင်းများကိုလည်း တွေ့ရလေသည်။ အထူးသဖြင့် စစ်ပွဲအကြောင်း၊ ဘုရင်(မင်း)အကြောင်း ရေးဖွဲ့သော မော်ကွန်းကဗျာရှည်ကြီးများမှာ အားရဖွယ်ကောင်းလှသည်။

ကဗျာဆပ်ကော်မတီသည် ပြိုင်ပွဲကျင်းပပေးရုံသာမကဘဲ ပြိုင်ပွဲကို လူသိများအောင်၊ ပါဝင်ယှဉ်ပြိုင်ချင်အောင် ပညာပေးစည်းရုံးသော လုပ်ငန်းတစ်ခုကို ကြိုတင်လုပ်ဆောင်ရသည်။ ဆပ်ကော်မတီအဖွဲ့ဝင်တွေ လူခွဲ၍ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှတစ်ဆင့် ကဗျာပြိုင်ပွဲအကြောင်း သိကောင်းစရာများကို ပညာပေးထုတ်လွှင့်ပေးခဲ့သည်။ ဤ Informative Talk အစီအစဉ်ကို မြန်မာနိုင်ငံစာနယ်ဇင်း(ဗဟို)က ပါဝင်ကူညီခဲ့သည်။ ထို့အပြင် မဂ္ဂဇင်း၊ သတင်းစာများတွင် ဆောင်းပါးရေးခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ မြို့နယ်ပြန်ကြားရေးရုံးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများတွင် ကြော်ငြာကပ်ခြင်းနည်းလမ်းများကိုပါ အသုံးပြုခဲ့သည်။ အရာထင်ပါသည်။ ဥပမာ (၅၆) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲတွင် အဆင့်(၁)၊ အဆင့်(၂)တို့မှ ကဗျာတို/ရှည် စုစုပေါင်း ၁၈၈ ပုဒ် ယှဉ်ပြိုင်ခဲ့၏။ နောက်နှစ်တွင် ကဗျာတို/ရှည် စုစုပေါင်း ၂၃၉ ပုဒ်ရှိသဖြင့် ၅၁ ပုဒ် တိုးလာပါသည်။

ကျွန်တော်သည် ၂၀၀၃ ခုနှစ်တွင် ကဗျာပြိုင်ပွဲဆပ်ကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ရသောကြောင့် ကဗျာပြိုင်ပွဲတစ်ခုသာမကတော့ဘဲ လုပ်ငန်းအားလုံးနှင့် သက်ဆိုင်လာပါတော့သည်။

ပန်းပုတွင် ဖုံခွာထုဆစ်ရသော သစ်သားပန်းပုနှင့် ဖို့မံရသော ပလပ်စတာပန်းပုဟူ၍ နှစ်မျိုးရှိသည်။ သစ်ကို သစ်တောဝန်ကြီးဌာန (ထိုစဉ်က အခေါ်အဝေါ်) က ရောင်းချပေးသည်။ သစ် တစ်တန်လျှင် ၃၆ လက်မထက် မမြင့်၊ အောက်ခြေ ၂၄ လက်မထက် မကြီးသော ရုပ်တုနှစ်ခုနှုန်းထွက်ရန် သတ်မှတ်ပေးထားသည်။ ဒါးပိန်၊ ပဲခူး၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သာကေတ၊ ဒဂုံဆိပ်ကမ်းမြို့နယ်တို့မှ ပန်းပုပညာရှင်များအပြင် ယဉ်ကျေးမှုတက္ကသိုလ်မှ ပန်းပုအထူးပြု ကျောင်းသားများလည်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပန်းချီနှင့်ပန်းပုတွင် 'ပြပွဲတင်'နှင့် 'ပြိုင်ပွဲဝင်'ဟု နှစ်မျိုးရှိ၏။ ပြိုင်ပွဲဝင်ဆိုတာကတော့ ရှင်းပါသည်။ ဆုအတွက် ယှဉ်ပြိုင်သော ပန်းပုရုပ်နှင့်ပန်းချီကားဖြစ်သည်။ ပြပွဲတင်မှာ ဆုအတွက်မဟုတ်ဘဲ တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကြီးကို ဂုဏ်ပြုသောအားဖြင့် တင်ပြထားသော ပန်းချီ ပန်းပုတွေဖြစ်ကြသည်။ ပန်းချီဆိုလျှင် ဆီဆေးလက်ရာသန့် ရောင်းတမ်းကားချပ်တွေဖြစ်၏။ ပန်းပုတွင် လူအရွယ်အစားတမျှ (Life Size) ရုပ်တု ခံ့ခံ့ညားညားတွေ ဖြစ်ပါ၏။

ပန်းချီနှင့်ပတ်သက်၍ မှတ်တမ်းတင်စရာတစ်ခုမှာ ကျွန်တော့်စိတ်ထင် (၅၇)နှစ်မြောက်လောက်မှစပြီး Centre Piece ခေါ် ဗဟိုပြကွက် ပန်းချီကားချပ်ကြီး ပါဝင်လာခြင်းဖြစ်၏။ တပ်မတော်ခန်းမ ဝင်ပေါက်၏ တည့်တည့်နံရံတွင် ချိတ်သည်။ အရွယ်အစားမှာ ၁၂ ပေ x ၆ ပေ ဖြစ်၏။ အကြောင်းအရာမှာ ဂန္ထဝင်တိုက်ပွဲတွေ၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေဖြစ်သည်။ ဤဗဟိုပြကွက် ပန်းချီကားချပ်ကို ရိုးရာပန်းချီပညာရှင်အစည်းအရုံးမှ ပန်းချီဆရာကြီးများနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ ပန်းချီနည်းပြ၊ ကထိကများက ရေးဆွဲကြသည်။ ကျွန်တော်မှတ်မိသမျှ မှတ်တမ်းတင်ရပါလျှင် ဦးသန့်ဇင်၊ ဦးစောလှိုင်၊ ဦးသောင်းဟန်၊ ဦးသစ်လွင်ဦး၊ ဦးစိုးမြင့်၊ ဦးမြင့်ဦးတို့ ဖြစ်ကြ၏။

တေးသီချင်းတွင်လည်း 'ဂုဏ်ပြုတေး' ဟူ၍ ရှိပါသေးသည်။ ဤတေးသီချင်းတွေသည် ဆုအတွက် ပြိုင်ပွဲဝင်သော စစ်ချီတေး၊ စစ်ရေးတေးတွေ မဟုတ်ချေ။ တပ်မတော်နေ့ကို ဂုဏ်ပြုရေးဖွဲ့သော အထူးသီချင်းတွေ ဖြစ်သည်။ ဤတေးအတွက် ဂီတပညာရှင် ၂၀ ကျော်ခန့်ကိုဖိတ်ပြီး ဘယ်သူက စစ်ချီတေးရေးမည်၊ ဘယ်ဝါက စစ်ရေးတေးရေးမည်ဟု ညှိနှိုင်းခွဲဝေပေးရသည်။ ကျွန်တော်မှတ်မိသော ဂုဏ်ပြုတေး တေးပြုစာဆိုများမှာ ဗိုလ်ကလေးတင့်အောင်၊ ဂီတလုလင်မောင်ကိုကို၊ မောင်မောင်လတ်၊ အေဝမ်းစိုးမြင့်၊ ကိုလေးညွန့်၊ စန္ဒရားချစ်ဆွေ၊ ဟသ်ာတမြင့်ငွေ၊ အကော်ဒီယံ အုန်းကျော်၊ ပန်တျာချစ်လှိုင်၊ ဝဏ္ဏကျော်ထင် စိန်မြမောင်၊ ကိုညွန့်ဝေ၊ စန္ဒရားချစ်မောင်၊ စန္ဒရားတင်ဝင်းလှိုင်တို့ ဖြစ်ကြသည်။

**ပြကွက်မထပ်အောင် ဖန်တီးရ**

နောက်ဆုံးဆပ်ကော်မတီမှာ ပြခန်းခင်းကျင်းရေးဖြစ်သည်။ ပြိုင်ပွဲကျင်းပပေးရသော ဆပ်ကော်မတီများထံမှ ဆုရလက်ရာများ၊ ဆုရပြိုင်ပွဲဝင်တို့၏ ခေတ်ပုံနှင့် ကိုယ်ရေးအကျဉ်းများကို လက်ခံရယူ၍ ပရိသတ်စိတ်ဝင်စားအောင် ခင်းကျင်းပြသရသည်။ ပြောတော့အလွယ်ကလေးပါ။ သို့သော် သူ့အလုပ်မှာ အတော်လက်ဝင်၏။ ဆွဲဆောင်မှုရှိအောင် ကြံရဖန်ရသည်။ တစ်နှစ်နှင့် တစ်နှစ် ပြကွက်မထပ်အောင် ဖန်တီးရသည်။

တင်ပြပါ ဆပ်ကော်မတီလေးခုအပြင် ကဗျာနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီတွင် အထူးတာဝန်တစ်ရပ် ရှိနေပါသေးသည်။ ထိုတာဝန်ကား လုပ်ငန်းကော်မတီသုံးခုစလုံးမှ ဆုရကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ပန်းပုအရုပ်များကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေ ရောင်းချပေးရခြင်းပင်တည်း။ ဒါတင်မက ဘာသာပြန်စာအုပ်ပါ ထုတ်ဝေရခြင်းပင်တည်း။ စာအုပ်အမျိုးအစား လေးခု ထွက်လာပါသည်။ (၁) ကဗျာ-တေးသီချင်းစာအုပ်၊ (၂) ကဗျာ-စာစီစာကုံးစာအုပ်၊ (၃) ပန်းချီ ပန်းပုစာအုပ်၊ (၄) ဘာသာပြန်စာအုပ်တို့ဖြစ်သည်။

သို့ဖြစ်ရာ ကျွန်တော်တို့လုပ်ငန်းကော်မတီသည် အခြားလုပ်ငန်းကော်မတီနှစ်ခုမှ ဆုရစာမူတွေကို လက်ခံရယူရသည်။ ဘာသာပြန်ဆရာတွေထံ ပို့ပေးရသည်။ အချိန်မီဘာသာပြန်ပြီးဖို့ နှိုးဆော်ရသည်။ ဘာသာပြန်ပြီးစာမူများကို တက္ကသိုလ်ပုံနှိပ်တိုက်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်တိုက်သို့ ပို့ပေးရသည်။ စက္ကူလျှောက်ရန် စီစဉ်ပေးရသည်။ အဖုံးအတွက် ပန်းချီအပ်ရသည်။ စာအုပ်ဖြစ်သောအခါ ဖြန့်ဝေရသည်။ ထိုအလုပ်က နှစ်လုံးပေါက်သည်။ ပြိုင်ပွဲအလုပ်က ခဏအတွင်းပြီးပြတ်သည်။ ပုံနှိပ်ထုတ်ဝေဖြန့်ချိရေးကတော့ နောက်နှစ်ကူးသည်။ တစ်နှစ်စာမပြတ်ခင် နောက်တစ်နှစ်စာ စကိုင်နေရပြီ။

ကျွန်တော်တို့ လုပ်ငန်းကော်မတီတာဝန်အားလုံးပြီးဆုံးအောင် ထမ်းဆောင်နိုင်ခဲ့ကြသည်မှာ ဆပ်ကော်မတီဝင်တွေကြောင့် တစ်ခုတည်းသောမဟုတ် နောက်ကွယ်မှ နှစ်လုံးပေါက်လုပ်အားပေးခဲ့ကြသော ယဉ်ကျေးမှုဝန်ကြီးဌာနရုံးအဖွဲ့၏ စွမ်းဆောင်မှုကိုလည်း အသိအမှတ်ပြုရပေမည်။ ရုံးအဖွဲ့မှူး ဦးခင်မောင်ဝင်း၊ ဦးအောင်ကြည်မြင့်၊ ဒေါ်ခင်စိုးမြင့်၊ ဦးကျော်ဆန်းဦး၊ ဦးကျော်သီဟ၊ ဒေါ်တင်တင်ဌေးနှင့် ဒေါ်မေဝင်းမော်တို့သည် ကဗျာနှင့်အနုပညာပြိုင်ပွဲ လုပ်ငန်းကော်မတီ၏ အမာခံအင်အားတွေဖြစ်ကြသည်။

ကျွန်တော့်အနေဖြင့် တပ်မတော်အတွက် ကိုယ်ကျွမ်းကျင်ရာအလုပ်ဖြင့် ကျေးဇူးဆပ်ခွင့်ရခဲ့သောကြောင့် ဝမ်းသာပီတိဖြစ်ရသလို ဂုဏ်လည်းယူရပါသည်။ တစ်ခေတ်တစ်ချိန်က တောက်ပခဲ့ဖူးသော တပ်မတော်နေ့အထိမ်းအမှတ် အနုပညာပြိုင်ပွဲ လုပ်ငန်းကော်မတီများကို ဤဆောင်းပါးဖြင့် မှတ်တမ်းတင်ဂုဏ်ပြုလိုက်ရပါသည်။ ။

# အစဉ်အလာကောင်းများနှင့် တပ်မတော်

၂၀၂၅ ခုနှစ် မတ် ၂၇ ရက် နှစ် (၈၀)ပြည့် တပ်မတော်နေ့ဖြစ်သည်။ မြန်မာနိုင်ငံအတွက် ဤနေ့ဤရက်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောနေ့ဟူ၍လည်း ဆိုနိုင်ပေသည်။ နိုင်ငံတစ်နိုင်ငံတွင် မရှိမဖြစ်သောအရာကို ညွှန်ပြပါဆိုလျှင် တပ်မတော်တစ်ရပ်ပင်ဖြစ်သည်။ တပ်မတော်ဆိုသည်မှာ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့ ပါဝင်သော နိုင်ငံတော်၏ ကာကွယ်ရေးတပ်ပေါင်းစုကြီးဖြစ်သည်။ ကြီးမားသော အင်အားနှင့် တော်တည့် ဖြောင့်မတ်သော သဘောတရားများ ပေါင်းစပ်ဖွဲ့တည်နေသော အဖွဲ့အစည်းကြီးဖြစ်ရာ ပြည်သူများ၏ အားထားရာ အစစ်လည်းဖြစ်သည်။ ပြည်သူများ၏ အကျိုးစီးပွားနှင့် အမျိုးသားရေးတာဝန်ကျေပွန်သော သမိုင်းအစဉ်အလာများကလည်း တပ်မတော်၏ ဂုဏ်ကို ထွန်းပြောင်စေခဲ့ပါသည်။ မြန်မာ့တပ်မတော်သည် မီးပေးကောင်းသော ဓားထက်သည့်ပမာ တိုက်ပွဲနှင့်အတူ ရှင်သန်ခဲ့ခြင်းကြောင့် စွမ်းရည်အရာတွင် ထက်မြက်လှပေသည်။

ပုဂံခေတ် အနော်ရထာမင်းလက်ထက်တွင် ငထွေရူး၊ ငလုံးလက်ဖယ်၊ ကိုရွှေဖီး၊ ရွှေထီး လောင်းမင်းကျန်စစ်ဟူသော သူရဲကောင်းစစ်သည်များကြောင့် ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့သည်။ စစ်တို့သဘောသည် အင်အားနည်းသည်များသည်ဟူ၍ မရှိ။လုပ်ရည်၊ ကိုင်ရည်၊ ဉာဏ်ရည်၊ ရဲစွမ်းသတ္တိဟု ဘုရင့်နောင်ကျော်ထင်နော်ရထာ၏ ဖွင့်ဟချက်ကလည်း မြန်မာတို့၏ စစ်ရေးဗျူဟာကို ထင်ဟပ်စေပါသည်။ အလောင်းမင်းတရားကြီးနှင့် သွေးသောက်ရဲဘော်ခြောက်ကျိပ်ရှစ်ထောင်တို့၏ စစ်ရေးစွမ်းရည်ကလည်း စံထားလောက်စရာ ဖြစ်သည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင်မူ လက်နက်အင်အား မတောင့်တင်းမှုကြောင့် နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရသည်။ သူ့ကျွန်မခံလိုသော တိုင်းရင်းသားများသည် နယ်ချဲ့တို့အား ရရာလက်နက်ဆွဲကိုင်ကာ တော်လှန်ခဲ့ကြသည်။ သို့သော်လည်း ခေတ်ဦးပိုင်း တော်လှန်ရေးကြီးမှာ အင်္ဂလိပ်တို့၏ ချေမှုန်းမှုကို ခံခဲ့ရသည်။ အရင်းစစ်လျှင် အမြစ်မြေကဆိုသကဲ့သို့ပင် စွမ်းရည်ထက်မြက်သော တပ်မတော်မရှိ၍ပင်ဖြစ်သည်။ မြန်မာတို့သည် နယ်ချဲ့တို့ လက်အောက်မှ လွတ်မြောက်ရန်မှာ အင်အားတောင့်တင်းသော တပ်မတော်ရှိရမည်ကို သဘောပေါက်ခဲ့ကြသည်။ ဆရာစံ ဦးဆောင်သော လယ်သမားတော်လှန်ရေးကြီးကလည်း နယ်ချဲ့အင်္ဂလိပ်ကို လက်နက်ကိုင်တော်လှန်ရန် တပ်လှန့်ပေးခဲ့သည်။ အင်္ဂလိပ်တို့ကလည်း အသာတကြည်တောင်း၍ ပေးမည့်ပုံ မရှိလေရာ တုတ်တုတ်ချင်း၊ ဓားဓားချင်းရင်ဆိုင်ရတော့မည်ကို ရှင်းရှင်းလင်းလင်း သိမြင်လာခဲ့သည်။

ဒုတိယကမ္ဘာစစ်တွင် မြန်မာတို့အတွက် အခွင့်အလမ်းဖြစ်ခဲ့သည်။ အင်္ဂလိပ်တို့ ဥရောပတွင် စစ်ပွဲများနှင့် ရင်ဆိုင်နေရလေရာ အခက်အခဲများနှင့် ကြုံတွေ့ရလေသည်။ အင်္ဂလိပ်အခက်၊ မြန်မာအချက်ပင်ဖြစ်သည်။ မြန်မာ့မျိုးချစ်တို့သည် ကမ္ဘာမှ လက်နက်အကူအညီရရှိရေးကို ကြိုးစားလုပ်ဆောင်ခဲ့ကြသည်။ ဤသို့ဖြင့် မြန်မာ့တပ်မတော်၏ အမြုတေရတနာ ရဲဘော်သုံးကျိပ် ပေါ်ပေါက်လာသည်။ ဂျပန်တို့နှင့် ပူးပေါင်းကာ ရဲဘော်သုံးကျိပ်သည် ဟိုင်နန်ကျွန်းတွင် ငါးလတာမျှ စစ်ပညာများသင်ကြားခဲ့သည်။ ရဲဘော်သုံးကျိပ်တို့မှ ချွေးနှင့်သွေးနှင့် ရင်းနှီးခဲ့ရလေသည်။ ဖက်ဆစ်တို့၏ ဖိနှိပ်ချုပ်ချယ်မှုအောက်တွင် စစ်ပညာသင်ခဲ့ရသည်။ ရဲဘော်သုံးကျိပ်သည် ဂျပန်များနှင့်အတူ မြန်မာပြည်သို့ ချီတက်ရန်အတွက် ယိုးဒယားသို့ရောက်ရှိခဲ့သည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ရက်တွင် ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့၌ ရဲဘော်သုံးကျိပ်သည် လက်မောင်းသွေးဖောက်ကာ သစ္စာရေသောက်ရင်း မြန်မာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)ကို ဖွဲ့စည်းခဲ့သည်။ မြန်မာပြည်သား ဓာနည်ဖွားတို့သည် တပ်မတော်၏ သုံးရောင်ခြယ် အလံတော်အောက်သို့ စုရုံးဝင်ရောက်လာကြသည်။ ထို့ကြောင့် ဘီအိုင်အေစတင်ဖွဲ့စည်းစကာလတွင် တပ်မတော်အင်အား ၁၅၀၀မျှသာ ရှိသော်လည်း မြန်မာပြည်တွင်းသို့ ချီတက်ဝင်ရောက်လာချိန်တွင်မူ အင်အား ၅၀၀၀ကျော်အထိ တိုးတက်ခဲ့သည်။

အမျိုးချစ်သော တပ်မတော်သည် ရွှေကျင်တိုက်ပွဲ၊ ရွှေတောင်တိုက်ပွဲများ၌ မြန်မာ့သွေးနီဆွေးကြောင်း သက်သေပြခဲ့ကြသည်။ မြန်မာနိုင်ငံသည် ဖက်ဆစ်တို့လက်အောက်ကျရောက်ခဲ့ရပြန်သည်။ ဖက်ဆစ်တို့သည် မျက်မြင်ကိုယ်တွေ့ဖြစ်သဖြင့် မြန်မာ့တပ်မတော်ကြီးထွားလာမည်ကို စိုးရိမ်လေသည်။ ထို့ကြောင့် ၁၉၄၂ ခုနှစ် ဇူလိုင် ၂၇ရက်နေ့တွင် ဘီအိုင်အေကို မြန်မာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)အဖြစ် ပြောင်းလဲဖွဲ့စည်းစေခဲ့သည်။ ထိုမှတစ်ဖန် မြန်မာ့အမျိုးသားတပ်မတော် ဘီအိုင်အေ မျိုးချစ်ဗမာ့တပ်မတော်(ပီဘီအက်ဖ်)ဟူ၍ အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ဖက်ဆစ်တို့၏ အကောက်ဉာဏ်များမှာ တပ်မတော်၏ ဓာတ်သွေး၊ ဓာတ်မာန်ကို ဖျက်ဆီးရန် မတတ်နိုင်ခဲ့ပါချေ။ တပ်မတော်သည် နိုင်ငံနှင့် ပြည်သူအတွက်ဆိုလျှင် ဓားတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်သန်းနိုင်စွမ်းရှိပါသည်။ ဤစိတ်ဓာတ်အရင်းခံကာ မြန်မာ့တပ်မတော်သည် ၁၉၄၅ခုနှစ် မတ်လ ၂၇ရက်နေ့တွင် တိုင်းရင်းသားပြည်သူများနှင့် လက်တွဲကာ ဖက်ဆစ်တို့ကို အောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့ပြန်သည်။ တပ်မတော်နှင့်ပြည်သူတို့၏ ကြိုးပမ်းမှုကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် မြန်မာတို့၏ တရားမျှတစွာပိုင်ဆိုင်ခဲ့သော လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့သည်။

မြန်မာ့တပ်မတော်၏ အစွမ်းမှာ အံ့မခန်းပင်ဖြစ်သည်။ နိုင်ငံတော်ကြီး လွတ်လပ်ရေးရအောင် တပ်မတော်၏ အသက်သွေး၊ ချွေးများ ရင်းခဲ့ရပုံမှာ သက်သေတည်၍ပင် သစ္စာပြုဝံ့ပါသည်။ ထို့ကြောင့် ဖက်ဆစ်တော်လှန်ရေးကြီးစတင်ခဲ့သော မတ်လ ၂၇ ရက်နေ့ကို တပ်မတော်နေ့ဟု ကမ္ပည်းတင်ခဲ့ခြင်း ဖြစ်ပါသည်။

ဖြတ်သန်းလာခဲ့ရသော နှစ်(၈၀)ပြည့်ကာလကို ပြန်ပြောင်းကြည့်လေတိုင်း တပ်မတော်သားတို့သည် နိုင်ငံတော်၊ ပြည်သူနှင့်အမျိုးဘာသာသာသနာကို ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။ ဒို့တာဝန်အရေးသုံးပါးအတွက် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ပြီး နိုင်ငံတော်တွင် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေးအရ တိုးတက်ကြီးမားရေး၊ ထာဝရငြိမ်းချမ်းရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများရှိ တပ်မတော်များနှင့် ရင်ပေါင်တန်းနိုင်သည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်အောင် အရှိန်အဟုန်မြှင့်တည်ဆောက်လျက်ရှိသည်။ တပ်မတော်တစ်ရပ်လုံး တစ်ပြေးညီ ခေတ်မီတိုးတက်စေရေးအတွက် စွမ်းရည်သုံးရပ်မြှင့်မားရေးကို ဦးတည်ဆောင်ရွက်လျက်ရှိသည်။ ဤသို့ဆောင်ရွက်နေသည်မှာ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက်ဟူသည့် သစ္စာအဓိဋ္ဌာန်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များမှာ (က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး(၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေးတို့ဖြစ်သည်။

ယနေ့ဆိုလျှင် တပ်မတော်သည် ပြည်သူတို့နှင့် တသွေးတည်း၊ တစ်သားတည်း ရှိနေပြီဖြစ်သည်။ တပ်မတော်သည် ကာကွယ်သူလည်းဖြစ်၍ တည်ဆောက်သူလည်းဖြစ်သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ အသွေးအသားနှင့်ရင်းကာ တည်ဆောက်ခဲ့သော မြန်မာ့တပ်မတော်သည် မြင့်မြတ်သန့်စင်နလုံးသားပိုင်ရှင်များဟု တင်စားကာ ဂုဏ်ပြုရေးသားလိုက်ရပါတော့သည်။

**အောင်မင်းဦး (မန္တလေးနေ့စဉ်)**

## ယနေ့တပ်မတော်၏ အဓိဋ္ဌာန်

❖ အရေးသုံးပါး ဦးထိပ်ထား၍  
ကြီးမားတာဝန် သုံးရပ်မွန်ကို  
ကျေပွန်အောင်ထမ်း မနားတမ်းတည့်  
အားထည့်ခွန်စိုက် လုံ့လပိုက်ကာ  
ကျရာကဏ္ဍ ကျေပွန်ကြမည်  
ဒါမှဒို့ရဲ့အောင်စစ်သည်။

❖ စစ်မှန်ထာဝရ ငြိမ်းချမ်းရအောင်  
ဒို့ကြံဆောင်ပြီး ဖွဲ့စည်းဥပဒေ  
ရှိလေသည်အတိုင်း မဆိုင်းမတွ  
လိုက်နာကြစေ အင်စီအေအတိုင်း  
တစ်သဝေမတိမ်း စောင့်ထိန်းကြရန်  
တစ်နိုင်ငံလုံး စည်းရုံးဆက်စပ်  
အပစ်ရပ်ရေး ဒို့ဆွေးနွေးမည်  
မဝေးစေရ ငြိမ်းချမ်းသည့်ဘဝ။

❖ တိုင်းသူပြည်သား အများအပေါ်  
မတော်မတရား အန္တရာယ်များမှ  
ကင်းဝေးကြပြီး ဘဝလုံခြုံ  
ကုံလုံစီးပွား တိုးတက်သွားအောင်  
ကူညီဆောင်ရွက် လေးနက်ကတိ  
ထားရှိသွားမည် ဤကားယနေ့တပ်မတော်။

❖ အရေးပေါ်ကာလ လွန်မြောက်ကြလျှင်  
ကျင်းပချီးဝှဲ ရွေးကောက်ပွဲကို  
ဆင်နွှဲနိုင်အောင် ကူညီဆောင်ရွက်  
ဆက်လက်တည်ညီ ဒီမိုကရေစီနှင့်  
ပါတီပေါင်းစုံ အုပ်ချုပ်ပုံဝယ်  
ဖက်ဒရယ်စနစ် ပေါ်ထွန်းသစ်စေ  
ရောက်ရလေအောင် ပိုင်းဝန်းဆောင်ရွက်  
မပျက်သစ္စာ ဆိုဝံ့ပါသည်  
ဒို့ဟာမြန်မာ့တပ်မတော်။

❖ ဩော်  
နှစ်ပေါင်းရှစ်ဆယ် ဘယ်ဝယ်မျှော်မှန်း  
တိုင်သည့်လမ်းထိ မနွမ်းမပျော့ မပေါ့မဆ  
သတိရှိစွဖြင့် မဆွချီတက် တိုင်းပြည်အတွက်မို့  
အသက်အပ်နှင်း အောင်ခြင်းခဏ ရပါစေကြောင်း  
ဆုမွန်တောင်းသည် စဉ်လာကောင်းသည့်တပ်မတော်။

**ဘိုမျိုး(ရွှေဘို)**

# ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး(၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။



# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ဝ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၁၈) ၊ ၁၃၈၆ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၁၄ ရက် ၊ ၂၇–၃–၂၀၂၅၊ ကြာသပတေးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက နှစ်(၈၀)ပြည့် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား ဂါရဝပြုကန်တော့စဉ်။

# နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့

နေပြည်တော် မတ် ၂၆

မတ် ၂၇ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်ကြမည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားတပ်မတော်အရာရှိကြီးများအား တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့သည့်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ခန်းမဆောင်၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ဂါရဝပြုကန်တော့သည့် အခမ်းအနားသို့ အငြိမ်းစား တပ်မတော်အရာရှိကြီး ၁၅ ဦးနှင့် ဇနီးခြောက်ဦးတို့ ကန်တော့ခံ တက်ရောက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ တက်ရောက်ဂါရဝပြုကန်တော့ကြသည်။

**စာမျက်နှာ ၃ သို့** ☆

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၂၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

**နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏ ။**

၂၀၂၅ ခုနှစ် ၊ မတ် ၂၇ ရက်၊ ကြာသပတေးနေ့။

မန္တလေး

# နှစ်(၈၀)ပြည့် တပ်မတော်နေ့

၂၀၂၅ခုနှစ်၊ မတ်လ ၂၇ရက်သည် နှစ်(၈၀)ပြည့် တပ်မတော်နေ့ဖြစ်ပြီး ထူးခြားသော သမိုင်းဝင်နေ့တစ်နေ့လည်း ဖြစ်သည်။ တပ်မတော်သည် တိုင်းရင်းသားပြည်သူတို့နှင့် တစ်သားတည်း၊ အမျိုးသားလွတ်မြောက်ရေးသမိုင်းစဉ်နှင့် တစ်ဆက်တစ်စပ်တည်း အမျိုးသားနိုင်ငံရေးအသိ အပြည့်အဝဖြင့် ပေါက်ဖွားလာခဲ့သော တပ်မတော်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် လွတ်လပ်ရေးသည် အချုပ်အခြာအာဏာပိုင်သော နိုင်ငံ၏ အသက်သွေးကြောပင်ဖြစ်သည်။ လွတ်လပ်ရေးရရှိအောင်လည်း တိုင်းရင်းသားပြည်သူများ၊ တပ်မတော်သားများ အသက်သွေး ချွေးတို့ဖြင့် ရင်းနှီးရယူခဲ့ရသည်။ မြန်မာ့လွတ်လပ်ရေးနှင့်အတူ ရှင်သန်ပေါက်ဖွားလာခဲ့သော တပ်မတော်သည် စတင်သန္ဓေတည် လာကတည်းကပင် ယနေ့ထက်တိုင် နိုင်ငံနှင့်ပြည်သူအတွက် စွမ်းစွမ်းတမံ ရပ်တည်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာ့တော်လှန်ရေးအင်အားစုများဖြင့် တည်ထောင်ခဲ့သော အဖွဲ့အစည်းသည် ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ရက်နေ့တွင် ဖက်စစ် တော်လှန်ရေးကို စတင်ခဲ့သည်။ ထိုနေ့ကို တော်လှန်ရေးနေ့ဟု မှတ်တမ်းတင်ခဲ့သည်။ မတ်လ ၂၇ရက်နေ့ကို တပ်မတော်အား ဂုဏ်ပြုခြင်း အလို့ငှာ "တပ်မတော်နေ့"ဟု ခေါ်တွင်စေခဲ့သည်။ တပ်မတော်သည် ကြီးမားသောအင်အားနှင့် တည်ကြည်ဖြောင့် မတ်သော သဘောတရားများ ပေါင်းစပ်ဖွဲ့တည်နေသော အဖွဲ့ အစည်းကြီးဖြစ်ရာ ပြည်သူများ၏ အားထားရာအစစ်လည်းဖြစ်သည်။

တပ်မတော်သည် ပြည်သူများ၏ အကျိုးစီးပွားနှင့် အမျိုးသားရေးတာဝန်များကို ကျေပွန်သော သမိုင်းအစဉ်အလာများ ကလည်း တပ်မတော်၏ ဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့သည်။ တပ်မတော်သည် မီးပေးကောင်းသောဓား ထက်သည့်ပမာ တိုက်ပွဲနှင့် အတူ ရှင်သန်ခဲ့ခြင်းကြောင့် စွမ်းရည်အရာတွင်ထက်မြက်လာသည်။ တပ်နှင့်ပြည်သူ လက်တွဲကူ ဘယ်သူခွဲခွဲ တို့မကွဲစိတ်ဓာတ်ဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကမ္ဘာတည် သရွေ့ တည်တံ့ခိုင်မာစေရန်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ နှစ် (၈၀) ပြည့် တပ်မတော်နေ့ ဦးတည်ချက် များမှာ

(က) ဒို့တာဝန်အရေး (၃) ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိက လုပ်ငန်းကြီး (၃) ခုဖြစ်သည့် နိုင်ငံတော် ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုး ပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခ များချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက် များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်ကလိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေးတို့ ဖြစ်သည်။

နှစ် (၈၀) ပြည့် တပ်မတော်နေ့ ဦးတည်ချက်များကို ပြည်သူ အားလုံးက တပ်မတော်နှင့်အတူလက်တွဲကာ ပူးပေါင်းအကောင် အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက် ရပေသည်။

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ့ အနုပညာအထက်တန်းကျောင်းနှင့် မန္တလေးယဉ်ကျေးမှု အမွေအနှစ်ဒေသသို့ ကွင်းဆင်းစစ်ဆေး

**မန္တလေး မတ် ၂၆**



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲ့သည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ တာဝန်ရှိသူများနှင့်အတူ အနုပညာအထက်တန်းကျောင်းနှင့် မန္တလေးယဉ်ကျေးမှုအမွေအနှစ်ဒေသများသို့ မတ် ၂၅ ရက်နှင့် ၂၆ ရက်နေ့များက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မတ် ၂၅ ရက်တွင် မန္တလေးမြို့ အနုပညာအထက်တန်းကျောင်းဝင်းအတွင်း တည်ဆောက်လျက်ရှိသော ကျောင်းသူအဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ တည်ဆောက်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အရည်အသွေးပြည့်မီ၍ ဘေးအန္တရာယ်ကင်းစွာဖြင့် သတ်မှတ်ကာလအတွင်း အပြီးတည်ဆောက်ရေးကို လမ်းညွှန်မှာကြားခဲ့ပြီး မတ် ၂၆ ရက်တွင် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ အောင်မြေသာစံခရိုင်၊ မန္တလေးယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မြနန်းစံကျော်ရွှေနန်းတော်မှ မြေနန်းပြာသာဒ်ဆောင်ရှိ လက်ဝဲ/လက်ယာပွဲတက်ဆောင်များတွင် သစ်သားလျှာထိုးများ ခင်းခြင်းလုပ်ငန်း၊ နန်းဆောင်ဆေးသုတ်ခြင်းလုပ်ငန်း၊ မြေနန်းပြာသာဒ်ဆောင်ရှိ တိုင်လုံးများတွင် မြန်မာမှုလက်ရာ ယွန်းကြိုးထိုးခြင်းလုပ်ငန်း၊ ဘုရင့်အိမ်ခန်းဆောင်အတွင်း နန်းသုံးပစ္စည်းများ ပြုလုပ်မွမ်းမံခင်းကျင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် မွန်းလွဲပိုင်းတွင် တံခါးနီမြို့ရိုးတူးဖော်ထိန်းသိမ်းခြင်းဆောင်ရွက်နေမှုနှင့် စည်ရှည်တံတား တည်ဆောက်ပြီးစီးမှုနှင့် နန်းမြို့ရိုးတောင်ဘက်ခြမ်း ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ အတုမရှိကျောင်းတော်တွင် ကိန်းဝပ်စံပယ်တော်မူသော ရုဋ္ဌာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုခဲ့ကြောင်း၊ ၎င်းနောက် ကုသိုလ်တော်ဘုရားသို့ သွားရောက်၍ Pagoda Digital Directory ဆောင်ရွက်ထားမှုနှင့် သုဓမ္မာဇရပ်နှစ်ဆောင်ကို ရှေးမူမပျက် ဖော်ထုတ်မည့်နေရာသို့လည်းကောင်း၊ မန္တလေးယဉ်ကျေးမှုပြတိုက်တွင် ခင်းကျင်းပြသထားမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မန္တလေးနေ့စဉ်-၉)**

## အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး မတ် ၂၆**



မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကာ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥနှင့် ငါးများကို အထူးသက်သာသော ဈေးနှုန်းများဖြင့် ယနေ့နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ်၊ အကွက်(စစ-၆)အောင်ပင်လယ် ရပ်ကွက်၊ ၁၀၆လမ်း၊ ၅၄လမ်းနှင့် ၅၄ Bလမ်းကြားတွင် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ရောင်းချပေးမှုအဖြစ် မတ် ၂၈ရက် မွန်းလွဲပိုင်းတွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင်လည်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ထိုသို့ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများ အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**

## ၂၀၂၅ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

**မန္တလေး မတ် ၂၆**

၂၀၂၅ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို မန္တလေး၊ အောင်မြေသာစံမြို့နယ် ၂၂လမ်းရှိ အောင်မြေမန္တလာ အားကစားကွင်းနှင့် ဗထူးအားကစားကွင်းတို့တွင် ယနေ့နံနက်ပိုင်းနှင့်ညနေပိုင်းတို့၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မျိုးအောင်၊ မန္တလေးဘောလုံးသမားဟောင်းများအသင်း ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့်အဖွဲ့ဝင်များ ဘောလုံးဆပ်ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အားကာမှ တာဝန်ရှိသူများ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ယနေ့နံနက်ပိုင်းတွင် အောင်မြေမန္တလာ အားကစားကွင်း၌ မဟာအောင်မြေမြို့နယ် အသင်းက မလှိုင်မြို့နယ်အသင်းကို ၉ဂိုး ၂ဂိုးဖြင့် နိုင်ပြီး ညနေပိုင်းတွင် ရမည်းသင်းမြို့နယ် အသင်းနှင့် ကျောက်ဆည်မြို့နယ် အသင်းတို့ပွဲတွင် ကျောက်ဆည်မြို့နယ် အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ အလားတူ ဗထူးအားကစားကွင်း၌ နံနက်ပိုင်းပွဲစဉ်တွင် ချမ်းအေးသာစံမြို့နယ်အသင်းနှင့် ပြင်ဦးလွင်မြို့နယ်အသင်းတို့က တစ်ဖက်နှင့် တစ်ဖက် ဂိုးမရှိသရေပွဲဖြစ်သွားပြီး ညနေပိုင်းပွဲစဉ်တွင် သာစည်မြို့နယ်အသင်းက ကျောက်ပန်းတောင်းမြို့နယ် အသင်းကို ၃ဂိုး ပြတ်ဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

**(တင်မောင်-မန်း)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

☆ ရှေ့ဖုံးမှ

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂါရဝပြုစကားပြောကြားရာတွင် တပ်မတော်၏ အစဉ်အလာနှင့်အညီ မိမိတို့အနေဖြင့် တပ်မတော်၏တာဝန်များကို လက်ဆင့်ကမ်းတာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်ပြီး ယခုအခမ်းအနားသို့ တက်ရောက် လာကြသည့် တပ်မတော်အငြိမ်းစား အရာရှိကြီးများသည် မိမိတို့၏မိဘ ဆရာများပင်ဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရရှိပြီးသည့်အချိန်မှ စတင်၍ တပ်မတော်သည် တိုင်းပြည်အတွက်ဖြစ်ရမည်ဆိုသည့် စိတ်ဖြင့်အစဉ်အလာများကိုဆက်လက်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သည်နိုင်ငံ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သကဲ့သို့ တပ်မတော်သားများသည် ပြည်သူလူထု၏ အစိတ်အပိုင်းများဖြစ်သဖြင့် ပြည်သူလူထု၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို တာဝန်ယူဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အဆိုပါ အရင်းခံသည့်စိတ်ကို ယခင်အစဉ်အဆက် တပ်မတော် တာဝန် ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်အငြိမ်းစားအရာရှိကြီးများက မွေးမြူ၍ လက်ဆင့်ကမ်းပေးခဲ့ကြခြင်းဖြစ်ကြောင်း၊ "ရှင်ကြီးဝမ်းလည်းဝင်ခဲ့ဖူးပြီ၊ ရှင်ငယ်ဝမ်းလည်းဝင်ခဲ့ဖူးပြီ" ဟူသည့် ဆိုစကားအတိုင်း တပ်မတော်သည် ခေတ်အဆက်ဆက်တွင် ခေတ်စနစ်အမျိုးမျိုးကို တွေ့ကြုံခဲ့ရပြီးဖြစ်ပြီး တိုင်းပြည်ကို ဖြိုခွဲဖျက်ဆီးသော ပြည်တွင်း၊ ပြည်ပရန်စွယ် အန္တရာယ်အမျိုးမျိုးကို အကြိမ်ကြိမ် တွန်းလှန်ဖယ်ရှားခဲ့ပြီးဖြစ်သကဲ့သို့ ပြည်ပကျူးကျော်မှုကို ကာကွယ်ရေး၊ ပြည်တွင်းဆူပူသောင်းကျန်းမှုကို တားဆီးရေးတို့ သာမက အမျိုး၊ ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုတို့ မပျောက်ပျက်ရေးတို့ကိုပါ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးလျက် ရှိသည့် တပ်မတော်ဖြစ်ကြောင်း၊ တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများကို သင်ခန်းစာယူ၍ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အကောင်းဆုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော် တာဝန်များကို ထမ်းဆောင်နေရခြင်းဖြစ်ပြီး ယခုနှစ်ကုန်ကာလတွင် လွတ်လပ်၍ တရားမျှတသည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ တစ်ရပ်ကို ကျင်းပပြုလုပ်၍ အနိုင်ရရှိသည့် ပါတီအား နိုင်ငံတော်၏ တာဝန်များကို စနစ်တကျပြန်လည်လွှဲပြောင်းပေးသွားမည် ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက်

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အငြိမ်းစား တပ်မတော်အရာရှိကြီးထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများ ရိုသေစွာ ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အငြိမ်းစား တပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

☆ စာမျက်နှာ ၃ မှ

ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို တစိုက်မတ်မတ် ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ပြည်သူကအားကိုးရသည့် တပ်မတော်၊ တိုင်းပြည်က အားထားရသည့် တပ်မတော်ဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

## ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူ

အငြိမ်းစားတပ်မတော်အရာရှိကြီးများအနေဖြင့် တပ်မတော်နေ့ကျရောက်သည့် အခါသမယများ၌ ယခုကဲ့သို့ကန်တော့ခံအခမ်းအနားများသို့ တက်ရောက်ချီးမြှင့်ပေးသည့်အတွက်လည်း ကျေးဇူးတင်ဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ **ဗုဒ္ဓဘာသာအစဉ်အလာနှင့်အညီ ယခုကဲ့သို့ အထက်အောက်ရိုသေလေးစားမှုဖြင့် ကျေးဇူးတရားကို သိရှိစွာဂါရဝပြု ကန်တော့ခြင်းသည် မိမိတို့တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာကောင်းတစ်ခုပင်ဖြစ်ပါကြောင်း၊** အငြိမ်းစား တပ်မတော်အရာရှိကြီးများ၏ လမ်းညွှန်သြဝါဒများကိုလည်း ခံယူလိုပါကြောင်း ပြောကြားသည်။



ကန်တော့ခံ အငြိမ်းစားတပ်မတော်အရာရှိကြီးများကိုယ်စား ဗိုလ်ချုပ်ကြီး သိန်းစိန်က ဆုမွန်ကောင်းတောင်းစကားနှင့် သြဝါဒစကားများ ပြောကြားစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ တက်ရောက်လာကြသည့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများက တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများအား မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာဖြင့် ဂါရဝပြုကန်တော့ကြသည်။

ထို့နောက် ကန်တော့ခံ အငြိမ်းစားတပ်မတော်အရာရှိကြီးများကိုယ်စား ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးတို့က ယခုကဲ့သို့ နှစ်စဉ်နှစ်တိုင်း မိမိတို့ကဲ့သို့ တပ်မတော်အငြိမ်းစား အရာရှိကြီးများနှင့် ဇနီးများအား ဂါရဝပြု ကန်တော့ခြင်းသည် တပ်မတော်၏ ကောင်းမြတ်သည့် ဂုဏ်ယူဖွယ် အစဉ်အလာကောင်းတစ်ခုဖြစ်ကြောင်း၊ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဦးဆောင်မှုဖြင့် တပ်မတော်၏ အရေးကိစ္စရပ်များအပြင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ရေးအတွက် နေ့မနား ညမအား ဆောင်ရွက်နေမှုကို အသိအမှတ်ပြုဂုဏ်ယူ အားပေးလျက်ရှိနေကြောင်း၊** တပ်မတော်သားများအနေဖြင့်လည်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို နေ့မနား ညမအား တာဝန် ထမ်းဆောင်နေကြကြောင်း၊ **တပ်မတော်သည် ခေတ်အဆက်ဆက်တွင် တိုင်းရင်းသားအားလုံး ပေါင်းစုနေထိုင်သည့် ပြည်ထောင်စုကြီး မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ပြည်တွင်းပြည်ပ အန္တရာယ် ရန်စွယ်ဟူသမျှကို တွန်းလှန်ကာကွယ်ခဲ့သည့် အစဉ်အလာကောင်းများ ရှိသော တပ်မတော်ဖြစ်ကြောင်း၊** တပ်မတော်အင်အားရှိမှ တိုင်းပြည် အင်အားရှိမည် ဖြစ်သဖြင့် တပ်မတော်၏ ကောင်းမြတ်သည့် သမိုင်းကြောင်း အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကာ စွမ်းရည်စွမ်းအားမြှင့်တင်ရေးကို ဆတက်ထမ်းပိုး ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ တိုင်းပြည်ကို တည်ဆောက်ရာတွင် တပ်မတော်အင်အားရှိရန် အဓိကအရေးကြီးကြောင်း၊ အခက်အခဲအကျပ်အတည်းများ ရင်ဆိုင်ကြုံတွေ့ရချိန်တွင်လည်း အောင်မြင်စွာကျော်ဖြတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး အမှူးပြုသည့် တပ်မတော်သားများနှင့် မိသားစုဝင်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းနှင့် အခြားသြဝါဒစကားများကို ပြောကြားကြသည်။

## ဂါရဝပြုပေးအပ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများထံ ဂါရဝပြု လက်ဆောင် ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာဂါရဝပြုပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများသည် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများနှင့် အတူ အမှတ်တရစုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနား တက်ရောက်လာကြသည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



### ရိုသေစွာ ဂါရဝပြုပေးအပ်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အငြိမ်းစားတပ်မတော် အရာရှိကြီးထံ ဂါရဝပြု လက်ဆောင်ပစ္စည်းများ ရိုသေစွာ ဂါရဝပြုပေးအပ်စဉ်။

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့ဆေးရုံများနှင့် နယ်မြေခံဆေးတပ်ရင်းတို့၌ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် မတ် ၂၆

မတ် ၂၇ ရက်တွင်ကျရောက်မည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိပြည်သူ့ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA)မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသွေးလှူဒါန်းကြသည်။

ဦးစွာ ကျန်းမာရေးဝန်ထမ်းများက သွေးအလှူရှင်များအား သွေးအမျိုးအစားခွဲခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးကြသည်။ ထို့နောက် သွေးအလှူရှင်များက သတ်မှတ်နေရာ အသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ သွေးလှူဒါန်းနေမှုများကို ပြည်နယ်ဝန်ကြီးချုပ်၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးတို့ သွေးအလှူရှင်များအား ကြည့်ရှုအားပေးစဉ်။

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နှစ် (၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား သွားရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်

နေပြည်တော် မတ် ၂၆

၂၀၂၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင်ကျရောက်သည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တက်ရောက်ရန် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ခေတ္တတည်းခိုနေထိုင်လျက်ရှိသည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား တပ်မတော်အရာရှိကြီးများနှင့်ဇနီးများအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့က သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်သည်။

## ဂါရဝပြုနှုတ်ဆက်

ထိုသို့တွေ့ဆုံဂါရဝပြုနှုတ်ဆက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အငြိမ်းစားတပ်မတော် အရာရှိကြီးများနှင့် ဇနီးများအား တစ်ဦးချင်းလိုက်လံ ဂါရဝပြုနှုတ်ဆက်ခဲ့ပြီး ကျန်းမာရေး၊ လူမှုရေးဆိုင်ရာလိုအပ်ချက်များကို ရင်းနှီးနွေးထွေးစွာမေးမြန်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

## ဩဝါဒစကားများ ပြန်လည်ပြောကြား

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး စွမ်းရည်စွမ်းပကားမြင့်မားစေရေးအတွက် မြှင့်တင် ဆောင်ရွက်လျက်ရှိမှု၊ ယခုကဲ့သို့ တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးသည့်အတွက် ကျေးဇူးတင်ရှိမှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်လျက်ရှိမှု၊ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် ပညာရေးကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိမှု၊ ကျောင်းပညာရေးအပြင်ကျောင်းပြင်ပပညာရေးနှင့် စာကြည့်တိုက်လုပ်ငန်းများကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ရာ အငြိမ်းစား တပ်မတော် အရာရှိကြီးများက ယခုကဲ့သို့ တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ရသည့် အတွက် ဂုဏ်ယူဝမ်းမြောက်ရမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အနေဖြင့် နိုင်ငံ့တာဝန်များကို ဘက်ပေါင်းစုံမှ လစ်ဟင်းမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို အားပေးအသိအမှတ်ပြုလျက်ရှိမှု၊ နိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးနိုင်စေရေး၊ တည်ငြိမ်အေးချမ်းပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဆုမွန်ကောင်း တောင်းလျက်ရှိမှုနှင့် အခြားဩဝါဒ စကားများကို ပြန်လည် ပြောကြားခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နှစ် (၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများအား တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ဝင်စစ်သည်၊ စစ်သမီးများ၏ "ပန်းသုံးပွင့်၏ အဘိဓမ္မာ" ပြဇာတ်တင်ဆက်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

✻ စာမျက်နှာ ၂၄ မှ

သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိခဲ့ကြသည့် အရာရှိ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အသွင်ပြောင်းပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့် ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့တို့မှပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဝိုင်အမ်ဘီအေ အသင်းကြီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အသင်းဗဟိုတို့မှ တာဝန်ရှိသူများ၊ တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ သတင်းမီဒီယာကောင်စီ၊ ရုပ်ရှင် သဘင် ဂီတ အစည်းအရုံးနှင့် သေနင်္ဂဗျူဟာ လေ့လာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေမည့် ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေ**

နှစ်(၈၀)ပြည့်တပ်မတော်နေ့ အကြိုဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အနုပညာရှင်များ၊ ရုရှားတပ်မတော်သံစုံတီးဝိုင်းအဖွဲ့မှ အနုပညာရှင်များက မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေမည့် ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

အကြိုဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကာ အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်မှုကို ကြည့်ရှုအားပေးကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် စစ်သည်၊ စစ်သမီးများအား အမှတ်တရဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဇေယျာသီရိဗိမာန်သဘင်ဆောင် အတွင်း၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ဝင် စစ်သည်၊ စစ်သမီးများ၏ "ပန်းသုံးပွင့်၏ အဘိဓမ္မာ" ပြဇာတ်တင်ဆက်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။ **စာမျက်နှာ ၇ သို့ ✻**






နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်အကြို ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ရုရှားတပ်မတော်သံစုံတီးဝိုင်းအဖွဲ့မှ အနုပညာရှင်များက ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေစဉ်။



နှစ် (၈၀) ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပစဉ်။

※ စာမျက်နှာ ၆ မှ

ဖျော်ဖြေတင်ဆက်မှု အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က စစ်သည်၊ စစ်သမီးများအား အမှတ်တရ ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့ကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်း အမှတ်ကို ဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်း အဝင်လမ်းမကြီး တစ်လျှောက်တွင် တပ်မတော်ရေယာဉ်၊ ရဟတ်ယာဉ်များ၊ သံချပ်ကာယာဉ်များ၏ ပုံသဏ္ဌာန်များ၊ ပထမ၊ ဒုတိယနှင့် တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးရုပ်တုများကို မီးအလှအပများဖြင့် လှပစွာဂုဏ်ပြုပုံဖော် ထွန်းညှိထားရှိကြောင်းနှင့် တပ်မတော်နေ့ အကြိုဂုဏ်ပြု ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက စိတ်ချမ်းမြေ့ကြည်နူးစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# နှစ် (၈၀) ပြည့် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

နေပြည်တော် မတ် ၂၆

နှစ် (၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြု ဇာတ်လမ်းဖြစ်သည့် “သစ္စာမျိုးဆက်” ဇာတ်လမ်းတွင် ပါဝင် သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည် တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း ရေးစပ်သူ အကယ်ဒမီ ဂီတမှူး ဦးဝင်းကိုနှင့် ဗညားရဲရင့်တို့အား ဂုဏ်ပြုချီးမြှင့်ငွေနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ယင်းနောက် စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးမင်းဦးက “သစ္စာမျိုးဆက်” ဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် သရုပ်ဆောင်များ ဖြစ်ကြသည့် အကယ်ဒမီ ခန့်စည်သူ၊ အကယ်ဒမီ မေသန္တာဦး၊ ကျော်ဇေယဟိန်း၊ အောင်ပိုင်၊ ခိုင်သဇင်ဝေ၊ လင်းလက်ခွန်းချို၊ ပိုင်စစ်မှူး၊ ရှင်ရဲထွဋ်၊ ကြယ်စင်လင်းထူး၊ ဇာတ်ညွှန်းအကြံပေး လှိုင်းသစ်၊ လက်ထောက် ဒါရိုက်တာ သက်သဇင်ထွဋ်၊ ဇာတ်လမ်း/ ဇာတ်ညွှန်း၊ ဒါရိုက်တာ အကယ်ဒမီ တင်အောင်စိုး (ပန်းမြို့တော်)တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း။

တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ထိန်ဝင်းက နှစ်(၈၀) ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် စစ်ချီသီချင်းနှင့် စစ်သည်တေးသီချင်းဆု ရရှိကြသည့် ဂုဏ်ပြု စစ်ချီသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသူ မြင့်မိုရ်ဦး၊ ဒုတိယဆုရရှိသူ အောင်ဇော်ဦး(ရဲတီးဝိုင်း)၊ တတိယဆုရရှိသူ လှိုင်ဝင်းထွန်း၊ စတုတ္ထဆုရရှိသူ ဒုအရာခံဗိုလ် သက်ဝင်းလှိုင်၊ ပဉ္စမဆုရရှိသူ ခင်ဇော်(မြဝတီ)၊ စစ်သည်တေး သီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသူ ထားရ၊ ဒုတိယဆုရရှိသူ မအိ(ပဲခူး)၊ တတိယဆုရရှိသူ ရွှေသင်းသူ (သဇင်)၊ စတုတ္ထဆုရရှိသူ ကေသီ၊ ကဗျာဝါသနာရှင်အဆင့် ပြိုင်ပွဲတွင် ပထမဆုရရှိသူ ကောင်းခြိမ့်ကျော်၊ ဒုတိယဆုရရှိသူ မနေသစ် (ပခုက္ကူ)၊ တတိယဆုရရှိသူ အောင်နိုင်သူ(ဖွဲ့ကပင်)၊ စတုတ္ထဆု ရရှိသူ ခိုင်မြတ်မော် (မြဝတီ)၊ ပဉ္စမ ဆုရရှိသူ ညဏ်လင်း (တပ်ကုန်း)၊ အထူးဆု (၁) ရရှိသူ သက်နှင်းညို၊ အထူးဆု (၂) ရရှိသူ ရဲမွန်ကျော်၊ အထူးဆု(၃) ရရှိသူ ရွှေလေးခင် တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများကို လည်းကောင်း။

တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည် တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူ ပြိုင်ပွဲတွင် ကဗျာအလွတ်တန်း အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ မြတ်ထွဏ်းနောင်၊ ဒုတိယဆု ရရှိသူ ဘုန်းမောင်ဝင်း(ဖျာပုံ)၊ တတိယဆုရရှိသူ ဘုန်းရဲနိုင် (ဂန့်ဂေါ)၊ စတုတ္ထဆုရရှိသူ ရေနံ့သာ မောင်ကျော်ညွန့်၊ ပဉ္စမဆုရရှိသူ မနောဖြူ၊ အထူးဆု (၁)ရရှိသူ မောင်မင်းသိမ်း(သရက်)၊ အထူးဆု(၂) ရရှိသူ မျိုးစစ်သည်၊ အထူးဆု(၃) ရရှိသူ ညောင်ရွှေ- ခင်မောင်မြ၊ ဝတ္ထုတိုဝါသနာရှင် အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ အမောင်၊ ဒုတိယဆုရရှိသူ မုန်းမောင်မောင်၊ တတိယဆုရရှိသူ ယု (သဇင် FM)၊ စတုတ္ထဆုရရှိသူ မနောဖြူ၊ ပဉ္စမဆုရရှိသူ ရဲမွန်ကျော်၊ အထူးဆု(၁)ရရှိသူ ငြိမ်းချမ်းဖြူ၊ အထူးဆု(၂)ရရှိသူ ထက်ပိုင်ဦး (သစ္စာမြေ)၊ အထူးဆု(၃) ရရှိသူ စစ်ငြိမ်းပန်းတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများကို လည်းကောင်း။

## ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

စာမူပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်မင်းထွန်းက ဂုဏ်ပြု စစ်ချီသီချင်း၊ စစ်သည်တေး သီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲ တွင် ဆုရရှိသူများဖြစ်ကြသည့် ဂုဏ်ပြု ဝတ္ထုတိုအလွတ်တန်း ပြိုင်ပွဲတွင် ဒုတိယဆုရရှိသူ မောင်မောင်လွင် (ရွှေဘိုသား)၊ တတိယဆုရရှိသူ ကျော်တေဇ (ဥက္ကလာ)၊ စတုတ္ထဆုရရှိသူ ထက်ဝေအောင်(စစ်ကိုင်း)၊ ပဉ္စမ ဆုရရှိသူ မောင်စူးရှ (အနောက် ရိုးမ)၊ အထူးဆု(၁) ရရှိသူ မင်းလပြည့်(ဟားခါး)၊ အထူးဆု(၂) ရရှိသူ သက်သက်နွယ် (ရန်ကုန် တက္ကသိုလ်)၊ အထူးဆု(၃) ရရှိသူ စေတမန်၊ ဝတ္ထုရှည်ဝါသနာရှင် အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ မြခြူးအိမ်၊ ဒုတိယဆုရရှိသူ ဘုန်းရဲနိုင်(ဂန့်ဂေါ)၊ တတိယဆု ရရှိသူ လူမောင်(ဝိရောဓိ)၊ စတုတ္ထ ဆုရရှိသူ တင်ဦး(ရန်ကင်း)၊ ပဉ္စမ ဆုရရှိသူ သျှင်ငြိမ်းစံ၊ အထူးဆု(၁) ရရှိသူ မောင်စိုးထွန်း၊ အထူးဆု(၂) ရရှိသူ အောင်မင်းကျော်(ပညာ)၊ အထူးဆု(၃) ရရှိသူ ခင်မျိုးမျိုးချစ် (ချင်းတောင်)၊ ဝတ္ထုရှည်အလွတ် တန်းအဆင့်ပြိုင်ပွဲတွင် ပထမဆု ရရှိသူ တက္ကသိုလ်မြမဉ္ဇူ၊ ဒုတိယ ဆုရရှိသူ စိုးနွေ၊ တတိယဆုရရှိသူ ရဲမင်းစိုး၊ စတုတ္ထဆုရရှိသူ ညိမ်းညို၊ ပဉ္စမဆုရရှိသူ နေဇင် (ပေါက်ခေါင်း)၊ အထူးဆု(၁) ရရှိသူ နီသင်အောင်ကျော်မိုး၊ အထူးဆု(၂) ရရှိသူ ခန့်ပိုင်၊ အထူးဆု(၃) ရရှိသူ အမေ့သား (နတ်မောက်)တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်း လွှာများကို လည်းကောင်း အသီးသီးပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ညှိနှိုင်း ကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တက်ရောက် လာကြသူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်း ဧည့်ခံခဲ့ပြီး အဖွဲ့ဝင်များနှင့်အတူ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ ကြောင်း သိရသည်။ သတင်းစဉ်





နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်စဉ်။

# “တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း – Peace Talk 2025 တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၂၆

“တွေ့ဆုံ ဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေး စကားဝိုင်း – Peace Talk 2025 တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနတွင် ဆက်လက်ကျင်းပသည်။

ငြိမ်းချမ်းရေး စကားဝိုင်းသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မီဒီယာများ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။



စကားဝိုင်းဆွေးနွေးပွဲ ပထမပိုင်း “နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍ”တွင် သဘာပတိအဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး မင်းနိုင်က ဆောင်ရွက်ပြီး “ရွေးကောက်ပွဲ၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး” ခေါင်းစဉ်ဖြင့် ဒေါက်တာ အောင်မြတ်ဦးနှင့် ဒေါက်တာ အေးမောင်တို့ကဦးဆောင်ဆွေးနွေးရာ တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ “စီးပွားရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍ” တွင် သဘာပတိအဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန် (ငြိမ်း)က ဆောင်ရွက်ပြီး “ရွေးကောက်ပွဲ၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး” ခေါင်းစဉ်ဖြင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး(ငြိမ်း)နှင့် ဦးကိုကိုကြီးတို့က ဦးဆောင်ဆွေးနွေးရာ တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးခြင်း၊ စကားဝိုင်းအလိုက် ရရှိလာသည့် သဘောထားများကို တက်ရောက်လာကြသည့်ကိုယ်စားလှယ်များက အကြံပြုခြင်း၊ ဆွေးနွေးမေးမြန်းခြင်းနှင့် မေးမြန်းချက်များအပေါ် Speaker က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာ ဆွေးနွေးချက်အကြောင်းအရာများအပေါ် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား) က ပြန်လည်သုံးသပ်ဆွေးနွေးသည်။ ယင်းနောက် စီးပွားရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍဆိုင်ရာ ဆွေးနွေးချက်အကြောင်းအရာများအပေါ် စီးပွားရေးသုတေသီ ဒေါက်တာဇော်ဦးက ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး မင်းနိုင်က နိုင်ငံရေးနှင့်လုံခြုံရေးကဏ္ဍနှင့် စပ်လျဉ်း၍ သုံးရက်တာ ဆွေးနွေးပွဲရလဒ်များကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်(ငြိမ်း)က စီးပွားရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ သုံးရက်တာ ဆွေးနွေးပွဲရလဒ်များကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး မှတ်တမ်းတင်သည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲ အဖွဲ့(၁)ကိုယ်စား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(ကရင်ပြည်နယ်) ဒုတိယဥက္ကဋ္ဌ(၂) နန်းစေအွာနှင့် အဖွဲ့(၂) ကိုယ်စား ကရင် အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူးတို့က ကျေးဇူးတင်စကားများ ပြောကြားသည်။

ယင်းနောက်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် သုံးရက်တာ ငြိမ်းချမ်းရေးစကားဝိုင်းမှရရှိခဲ့သည့် သုံးသပ်ဖော်ထုတ်ချက်များနှင့် အကြံပြုချက်များသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်အတွက် အတိုင်းအတာတစ်ခုအထိ အထောက်အပံ့ဖြစ်စေမည်ဟု ယုံကြည်ကြောင်း၊ ရရှိခဲ့သည့် သုံးသပ်ဖော်ထုတ်ချက်များနှင့် အကြံပြုချက်များအား လက်တွေ့ ပြန်လည်အသုံးချနိုင်ရန် ဆက်လက်ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် NSPNC အနေဖြင့် ငြိမ်းချမ်းရေးစကားဝိုင်းများအား အခါအားလျော်စွာ ကျင်းပနိုင်ရေး ကြိုးစားဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

သတင်းစဉ်

## မန်းချောင်းရေလှောင်တမံဆည်ရေဖြင့် နွေစပါး ၁၂၇၁ ဧက လျာထားစိုက်ပျိုး

ငဖဲ မတ် ၂၆

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်တွင် ဒေသတွင်း ဆန်စပါး ဖူလုံပိုလျှံစေရေးအတွက် ၂၀၂၅ ခုနှစ် နွေသီးနှံများ စိုက်ပျိုးရာသီတွင် မန်းချောင်းရေလှောင်တမံဆည်ရေဖြင့် နွေစပါးစိုက်ပျိုးရန် ၁၂၇၁ဧက လျာထားခဲ့ရာ ယနေ့အထိ ၁၀၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

၂၀၂၅ ခုနှစ် နွေသီးနှံများ စိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများ အဆင်ပြေစွာ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် မန်းချောင်းရေလှောင်တမံဆည်မှ ဖေဖော်ဝါရီလဆန်းပိုင်းမှစတင်၍ လက်ဝဲမြောင်းမကြီးမှ ၁၀၇၁ ဧကနှင့် လက်ယာမြောင်းမကြီးမှ ဧက ၂၀၀ စိုက်ပျိုးမည့် ကျေးရွာအုပ်စုများရှိ လယ်ယာမြေများသို့ နွေသီးနှံများစိုက်ပျိုးရန် စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ စိုက်ပျိုးကြမည့် စပါးမျိုးများမှာ အောင်နိုင်တိုး ၅၃ ဧက၊ စာပိုးသာ ၈ ဧက၊ မနောသုခ ၃၀၄ ဧကနှင့် ဆင်းသုခ ၉၀၆ ဧက၊ စုစုပေါင်း ၁၂၇၁ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ရာ ယနေ့အထိ နွေစပါး ၁၀၃ ဧက စိုက်ပျိုးပြီးစီးနေပြီး လျာထားချက်ပြည့်မီရေး ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံစေရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် သီးနှံစိုက်ဧကအားတိုးတက်ရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိရာ နွေသီးနှံများ စိုက်ပျိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး မျိုးကောင်းမျိုးသန့် စပါးမျိုးများ ရွေးချယ်စိုက်ပျိုးရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်း တိုးတက်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေးနည်းစနစ်များ၊ တောင်သူအသိပညာပေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ကွင်းဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဇနီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၄)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ တက်ရောက်




ရန်ကုန် မတ် ၂၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၄)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဇနီးတို့ တက်ရောက်ကြသည်။

## ကြိုဆိုနှုတ်ဆက်

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး Dr.Md.Monwar Hossainနှင့် ဇနီး၊ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။


## ညစာစားပွဲဖြင့်တည်ခင်းညှော်ခံ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးနှင့်ဇနီးတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၄)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါညှော်ခံပွဲသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့်ဇနီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ရွှေထွန်းနှင့် ဇနီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်၊ ရန်ကုန်မြို့ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့်ဇနီး၊ နိုင်ငံခြားသံရုံးများမှသံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lieutenant General Viktar Gennadyevich Khrenin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များ မြန်မာနိုင်ငံသို့ရောက်ရှိ



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တပ်မတော်အရာရှိကြီးများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။



ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lieutenant General Viktar Gennadyevich Khrenin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

နေပြည်တော် မတ် ၂၆

မတ် ၂၇ ရက်တွင် ကျရောက်သည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိကြသည်။

အဆိုပါ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တပ်မတော်အရာရှိကြီးများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အလားတူ ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lieutenant General Viktar Genna-dyevich Khrenin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ရန် ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးနည်းပညာတက္ကသိုလ်နှင့် ဟိုချီမင်းနည်းပညာတက္ကသိုလ်တို့အကြား အာဆီယံသုတေသန ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ



နေပြည်တော် မတ် ၂၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မန္တလေးနည်းပညာတက္ကသိုလ်က အာဆီယံ - အိန္ဒိယပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေ (ASEAN-India Fund)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော မန္တလေးနည်းပညာတက္ကသိုလ်နှင့် ဟိုချီမင်းမြို့ နည်းပညာတက္ကသိုလ်တို့အကြား သိပ္ပံနှင့်နည်းပညာသုတေသန ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက Hybrid စနစ်ဖြင့် ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးဒေါက်တာအောင်ဇေယျက ထိုစီမံကိန်းမှတစ်ဆင့် မြန်မာနှင့် ဗီယက်နမ်နှစ်နိုင်ငံလုံးမှနည်းပညာတက္ကသိုလ်များသည် နိုင်ငံတကာ ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်ရန်၊ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများအကြား ကွာဟချက်များ လျှော့ချရန်နှင့် အဓိပ္ပာယ်ပြည့်ဝသော မိတ်ဖက် တည်ဆောက်မှုများကို ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ယခင် ရလဒ်နှစ်ခုနည်းတူ ဤဆွေးနွေးပွဲမှတစ်ဆင့် သုတေသန ပူးပေါင်းဆောင်ရွက်မှုနှင့် အသိပညာမျှဝေမှုကို မြှင့်တင်ရန် ဟူသည့် စီမံကိန်း တတိယရလဒ်ကို အကောင်အထည်ဖော်ရန်အတွက် အရေးကြီးသော ခြေလှမ်းတစ်ရပ်ကို ဖော်ဆောင်နိုင်ခြင်းဖြစ်ကြောင်း၊ ဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် Joint Peer Review Committee ကို တည်ထောင်အကောင်အထည်ဖော်နိုင်ရန် အထောက်အပံ့ကောင်းများ ရရှိနိုင်သည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ သုတေသန အတွေ့အကြုံကောင်းများကို မျှဝေခြင်းအပြင် ယဉ်ကျေးမှုဓလေ့ထုံးတမ်း များကိုလည်း ဖလှယ်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ရှိသူများက သုတေသန ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲရလဒ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော် နည်းပညာတက္ကသိုလ်မှ ကိုယ်စားလှယ်များက သက်ဆိုင်ရာဌာနအလိုက် လက်ရှိ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဆောင်ရွက်လျက်ရှိသည့် သုတေသနများနှင့် ပူးပေါင်း ဆောင်ရွက်လိုသည်များကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ သတင်းစဉ်

## ထိုင်းဝန်ကြီးချုပ် ပေတွန်တန်ရှီနာဝါထရာ ယုံကြည်မှုမရှိ မဲအဆိုကို ကျော်လွန်နိုင်ခဲ့



**ဘန်ကောက် မတ် ၂၆**

ထိုင်းဝန်ကြီးချုပ် ပေတွန်တန်ရှီနာဝါထရာသည် ၎င်း၏ဖခင် သန်းကြွယ်သူဌေး ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှီနာဝါထရာ၏ ရုပ်သေးရုပ်ဖြစ်သည်ဟု အတိုက်အခံအင်အားစုများက စွပ်စွဲခဲ့သော စိန်ခေါ်မှုကို အနိုင်ယူကာ မတ် ၂၆ ရက်တွင် လွှတ်တော်မှ ယုံကြည်မှုမရှိ မဲအဆိုကို ကျော်လွန်နိုင်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အသက် ၃၈နှစ်အရွယ် ဝန်ကြီးချုပ် ပေတွန်တန်၏ နိုင်ငံအုပ်ချုပ်ရေးနှင့် အတွေ့အကြုံမရှိမှုတို့ကို ပြည်သူ့အင်အားစုများက ဝေဖန်ခဲ့သည့် နှစ်ရက်ကြာ အပြစ်တင်ဆွေးနွေးပွဲအပြီးတွင် အမတ်များက ယုံကြည်မှုမရှိ မဲအဆိုကို ဆန့်ကျင်မဲ ၃၁၉ မဲ၊ ထောက်ခံမဲ ၁၆၂ မဲနှင့် ကြားနေမဲ ၇ မဲဖြင့် ပယ်ချခဲ့သည်။

မဲအနိုင်ရပြီးနောက် ပေတွန်တန်က ၎င်း၏ ထောက်ခံသူများအား ကျေးဇူးတင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထောက်ခံမဲဖြစ်စေ၊ ဆန့်ကျင်မဲဖြစ်စေ မဲအားလုံးသည် မိမိကိုယ်တိုင်နှင့် မိမိတို့အစိုးရအဖွဲ့အား ပြည်သူများအတွက် ပိုမိုကြိုးစားလုပ်ဆောင်ရန် တွန်းအားဖြစ်စေမည်ဟု ၎င်းက ဖေ့စ်ဘွတ်ခ်တွင် ရေးသားခဲ့သည်။

ထိုင်းခေတ်သစ်သမိုင်း၏ အငြင်းပွားဖွယ်ရာ အကျော်ကြားဆုံး နိုင်ငံရေးသမား သက်ဆင်သည် ၁၅ နှစ်ကြာ နိုင်ငံခြားတွင် နေထိုင်ပြီးနောက် ထိုင်းနိုင်ငံသို့ ၂၀၂၃ ခုနှစ်တွင် ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက် အတိုက်အခံနိုင်ငံရေးအင်အားစုများက ဝန်ကြီးချုပ် ပေတွန်တန်အပေါ် အယုံအကြည် လျော့နည်းလာခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



## စင်ကာပူဝန်ကြီးချုပ်နှင့် ဗီယက်နမ်ဝန်ကြီးချုပ်တို့ နှစ်ဦး သဘောတူညီချက် ငါးခုကို လက်မှတ်ရေးထိုးခဲ့ကြ

**ဟနွိုင်း မတ် ၂၆**

စင်ကာပူဝန်ကြီးချုပ် လောရန့်စ်ဝေါင်းနှင့် ဗီယက်နမ်ဝန်ကြီးချုပ် ဖမ်မင်ချင့်တို့နှစ်ဦးသည် မတ် ၂၆ ရက်က ဟနွိုင်းမြို့တော်တွင် တွေ့ဆုံကာ စွမ်းအင်နှင့် ငွေရေးကြေးရေးဝန်ဆောင်မှုကဲ့သို့သော ကဏ္ဍများပါဝင်သည့် သဘောတူညီချက် ငါးခုကို လက်မှတ်ရေးထိုးခဲ့ကြပြီး နှစ်နိုင်ငံအကြား ခိုင်မာသောဆက်ဆံရေးကို ထပ်မံအတည်ပြုခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော ဆယ်စုနှစ်နီးပါးကတည်းက မိမိတို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၏ အခြေခံအုတ်မြစ်ဟု ခေါ်ဆိုခဲ့သည့် စီမံကိန်းများစာရင်းတွင် နောက်ဆုံးပါဝင်လာခြင်းဖြစ်ကြောင်း ဝေါင်းက မှတ်ချက်ချခဲ့သည်။

ဟနွိုင်းသို့ အလည်အပတ်ရောက်ရှိလာသော ၎င်း၏ ခရီးစဉ် ဒုတိယနေ့တွင် နှစ်နိုင်ငံအနေဖြင့် ရေရှည်တည်တံ့ပြီး ဒဏ်ခံနိုင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများစွာရှိသည်ဟု ဝေါင်းက ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀



## အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗန့်စ်နှင့် ၎င်း၏ဇနီး အူရှား ဂရင်းလန်ကျွန်းသို့ အလည်အပတ်သွားရောက်မည်

**ဝါရှင်တန် မတ် ၂၆**

အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗန့်စ်သည် မတ် ၂၈ ရက်တွင် ၎င်း၏ဇနီး အူရှားနှင့်အတူ ဂရင်းလန်ကျွန်းသို့ အလည်အပတ်သွားရောက်မည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဂရင်းလန်ကျွန်းကို သိမ်းယူမည်ဟု ဒေါ်နယ်လ်ထရမ့် ခြိမ်းခြောက်ခဲ့ပြီးနောက်ပိုင်းတွင် ထိုသို့ သွားရောက်မည့်ခရီးစဉ်ပေါ်ပေါက်လာခြင်း ဖြစ်သည်။

အိမ်ဖြူတော်မှ ထုတ်ပြန်ချက်အရ ၎င်းတို့ဇနီးမောင်နှံနှစ်ဦးသည် ပီတူဖစ်အာကာသစခန်းသို့ သွားရောက်ကာ အာတိတ်လုံခြုံရေးကိစ္စရပ်များနှင့်ပတ်သက်သည့် အချက်အလက်များကို ရယူမည်ဖြစ်ပြီး ထိုနေရာတွင် တပ်စွဲထားသော အမေရိကန်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံမည်ဟု ဆိုသည်။

အူရှားဗန့်စ်သည် ၎င်း၏ ခင်ပွန်းက ယင်းခရီးစဉ်ကို မကြေညာမီ ဒိန်းမတ်ပိုင်နယ်မြေသို့ ယဉ်ကျေးမှုခရီးစဉ်အဖြစ် သွားရောက်ရန် စီစဉ်ထားခဲ့သည်။ ထရမ့်၏ အမျိုးသားလုံခြုံရေးအကြံပေး ပုဂ္ဂိုလ်မိုက်ခ်ဝေါ့လ်ဇ်သည်လည်း သီးခြားခရီးစဉ်ဖြင့် ယခုအပတ်အတွင်း ကနေဒါသို့ အလည်အပတ် သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**Mon**






## မွန်ဂိုလီးယားနိုင်ငံ ဂိုဘီကန္တာရတစ်နေရာတွင် ခြေသည်းနှစ်ချောင်းပါ ဒိုင်နိုဆောရုပ်ကြွင်း တွေ့ရှိ

**အူလန်ဘာတော မတ် ၂၆**

မွန်ဂိုလီးယားနိုင်ငံ ဂိုဘီကန္တာရတစ်နေရာတွင် လက်သည်းနှစ်ချောင်းပါသော ဒိုင်နိုဆောမျိုးစိတ်သစ် ရုပ်ကြွင်းကို သိပ္ပံပညာရှင်များ မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုမျိုးစိတ်ကို ဒွိနီချက်စ်ဆော့ဘာတာရီဟု အမည်ပေးထားပြီး သေရီဇိုင်နိုဆောဟုခေါ်သော ဒိုင်နိုဆောအုပ်စုအတွင်း ထူးခြားသည့် မျိုးစိတ်ဖြစ်ကာ ၎င်းတို့သည် နောက်ခြေနှစ်ချောင်းဖြင့် ရပ်တည်လျှောက်ပြီး ပုံမှန်အားဖြင့် လက်သည်းသုံးချောင်းပါရှိသည်။

၎င်းသည် အလတ်စားအရွယ်ရှိပြီး ခန့်မှန်းကိုယ်အလေးချိန် ၂၆၀ ကီလိုဂရမ်ခန့်ရှိမည်ဟု ဆိုသည်။

သုတေသီများက ဤမျိုးစိတ်၏ ရှည်လျားကွေးညွှတ်သော လက်သည်းများနှင့် ၎င်းတို့၏ အားကောင်းစွာ ကွေးညွှတ်နိုင်စွမ်းကြောင့် အပင်များကို ထိထိရောက်ရောက်ကိုင်တွယ်နိုင်သည့် သတ္တဝါဖြစ်မည်ဟု ယုံကြည်ကြသည်။

သေရီဇိုင်နိုဆောများသည် ကမ္ဘာပေါ်တွင် တည်ရှိခဲ့သော ခရေတာဆဲရပ်စ်ခေတ်ကာလအတွင်း အာရှနှင့် မြောက်အမေရိကတို့တွင် နေထိုင်ခဲ့သည့် အပင်စားသော(သို့မဟုတ်) အပင်နှင့်အသားစားသော သေရိုပေါ့ဒိုင်နိုဆောများအုပ်စုဖြစ်ကြောင်း သိရသည်။

**Mon**

## ညကောင်းကင်ယံရှိ အလင်းထွက်နေသော ခရုပတ်ပုံစံမှာ စပေ့စ်အိတ်ခ်စ်ဒုံးပျံလွှတ်တင်ရာမှ ထွက်ပေါ်လာခြင်းဖြစ်

**ဝါရှင်တန် မတ် ၂၆**

ယမန်နေ့က ဥရောပတစ်ခွင်ရှိ ကောင်းကင်ယံ၌ အပြာနှင့်အဖြူရောင် ခရုပတ်သဏ္ဍာန် အလှပဆုံးမြင်ကွင်းမှာ စပေ့စ်အိတ်ခ်စ်ဒုံးပျံလွှတ်တင်လိုက်စဉ် ထွက်ပေါ်လာသော အေးခဲနေသည့် လောင်စာကြောင့်ဖြစ်သည်ဟု မိုးလေဝသပညာရှင်များနှင့် သိပ္ပံပညာရှင်များက ရှင်းပြကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ညကောင်းကင်ယံရှိ အလင်းထွက်နေသော ခရုပတ်ပုံစံမှာ အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ကိပ်ကာနာဗာရယ်လ်စခန်းမှ လွှတ်တင်ခဲ့သည့် ဒုံးပျံတစ်စင်းကြောင့်သာဖြစ်ကြောင်း ကျွမ်းကျင်သူများက ရေးသားဖော်ပြခဲ့သည်။

ထိုဖြစ်စဉ်သည် ပန်းကန်ပြားပျံနှင့် မသက်ဆိုင်သဖြင့် စိတ်မပူကြရန် ပြင်သစ်နိုင်ငံ လော်ရဲချိုင့်ဝှမ်းဒေသရှိ အစိုးရမိုးလေဝသဌာနက အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။ **Mon**

## တောင်ကိုရီးယားအရှေ့တောင်ပိုင်း တောမီးဆက်လက်တောက်လောင်၊ လူအနည်းဆုံး ၁၈ ဦး သေဆုံးခဲ့ပြီး ၁၉ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဆို

**ဆိုးလ် မတ် ၂၆**

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်းတွင် ဆက်လက်ဖြစ်ပွားနေသော မီးလောင်မှုကြောင့် လူအနည်းဆုံး ၁၈ ဦး သေဆုံးပြီး ၁၉ ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးနှင့် လုံခြုံရေးဝန်ကြီးဌာန၏ နောက်ဆုံးအတည်ပြုချက်များအရ ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လက်ရှိအရေးပေါ်အခြေအနေသည် မကြုံစဖူးဆိုးရွားနေဆဲဖြစ်ပြီး မီးလောင်မှုများသည် နိုင်ငံသမိုင်းတစ်လျှောက် အဆိုးရွားဆုံး မီးလောင်မှုမှတ်တမ်းများကို ပြန်လည်ရေးသားနေသည်ဟု ယာယီသမ္မတ ဟန်ဒေါက်ဆူးက ပြောကြားသည်။

တောမီးများကြောင့် လူပေါင်း ၂၃၀၀၀ကျော်ကို ရွှေ့ပြောင်းပေးခဲ့ရပြီး နှစ်ပေါင်း ၁၃၀၀သက်တမ်းရှိပြီးဖြစ်သော ဗုဒ္ဓဘာသာကျောင်းတော် အပါအဝင် ရှေးဟောင်းယဉ်ကျေးမှုနေရာများစွာ ထိခိုက်ခဲ့သည်။

မတ် ၂၆ ရက် မွန်းတည့်ချိန်နောက်ပိုင်းတွင် မီးသတ်လေယာဉ်တစ်စင်း ယီဆောင်ခရိုင်ရှိ တောင်တန်းများတွင် ပျက်ကျခဲ့ရာ အကြောင်းအရင်းကို စုံစမ်းစစ်ဆေးနေကြောင်း အာဏာပိုင်များက ပြောကြားသည်။

တောမီးများကို ထိန်းချုပ်ရန် ထောင်နှင့်ချီသော မီးသတ်အရာရှိများကိုသာမက စစ်သည်အင်အား ၅၀၀၀ခန့်ကိုပါ စေလွှတ်ထားပြီး ကိုရီးယားတွင် တပ်စွဲထားသော အမေရိကန်စစ်ရဟတ်များလည်း ပါဝင်မီးငြိမ်းသတ်ပေးနေကြောင်း သိရသည်။ **Mon**





နောက်သုံးနှစ်အကြာတွင် စင်ကာပူဘဏ္ဍာရေးရန်ပုံငွေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ(စင်ကာပူဒေါ်လာ ၁ ဒသမ ၈၇ ဘီလီယံ)အကုန်အကျခံပြီး တည်ဆောက်မည့် တစ်ညလျှင် အမေရိကန်ဒေါ်လာ ၁၃၅၀ ခန့် ကျသင့်မည့် ဟိုတယ်အပါအဝင် ရောမနှင်းလျှောစီးအပန်းဖြေစခန်းကြီးတစ်ခု ပေါ်ထွန်းလာမည့် ဂျပန်နိုင်ငံ မျောကောကုန်းမြင့်ဒေသတစ်နေရာကို တွေ့ရစဉ်။ **Mon**



# နိုင်ငံတကာ အားကစား သတင်းများ

## နော်ဝေအသင်းက အစ္စရေးအသင်းအား လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် မတ် ၂၆**

၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(ဥရောပဇုန်-အုပ်စု အဆင့်)ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက နော်ဝေအသင်းနှင့် အစ္စရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နော်ဝေအသင်းက အစ္စရေးအသင်းအား လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

နော်ဝေအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၃၉မိနစ်တွင် ဒေးဗစ်မိုလာ၊ ပွဲချိန် ၅၉မိနစ်တွင် ဆိုလော့၊ ပွဲချိန် ၆၅မိနစ်တွင် အေဂျာ၊ ပွဲချိန် ၈၃မိနစ်တွင် ဟာလန်းတို့က အသီးသီး သွင်းယူပေးခဲ့သည်။

နော်ဝေအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်-အုပ်စု အဆင့်)ပွဲစဉ် ၂ပွဲကစားအပြီးတွင် ၂ပွဲစလုံး အနိုင်ရရှိပြီး ရမှတ် ၆မှတ် ရရှိထားကာ၊ လာမည့် ဇွန် ၇ရက်တွင် အီတလီအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)





## အာဂျင်တီးနားအသင်းက ဘရာဇီးအသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် မတ် ၂၆**

၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(တောင်အမေရိကဇုန်-ခြေစစ်ပွဲစဉ်)အဖြစ် ယနေ့ နံနက်ပိုင်းက အာဂျင်တီးနားအသင်းနှင့် ဘရာဇီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဂျင်တီးနားအသင်းက ဘရာဇီးအသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အာဂျင်တီးနားအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၄မိနစ်တွင် အယ်လ်ဗာရက်ဇ်၊ ပွဲချိန် ၁၂မိနစ်တွင် အန်ဇိုဖာနန်ဒက်ဇ်၊ ပွဲချိန် ၃၇မိနစ်တွင် အယ်လစ္စတာ၊ ပွဲချိန် ၇၁မိနစ်တွင် ဆီမွန်နီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

အာဂျင်တီးနားအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(တောင်အမေရိကဇုန်-ခြေစစ်ပွဲစဉ်)အဖြစ် လာမည့် ဇွန် ၅ရက်တွင် ချီလီအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ဂိုးသမား အီဒါဆင်အား ခေါ်ယူရန် ဖီနာဘာချီအသင်း စိတ်ဝင်စား

**လန်ဒန် မတ် ၂၆**

ဖီနာဘာချီအသင်းသည် မန်ချက်စတာစီးတီးအသင်း ဂိုးသမား အီဒါဆင်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဂိုးသမားသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၆၁ပွဲကစားကာ အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖီနာဘာချီအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဂိုးသမား အီဒါဆင်ကိုယ်တိုင်ကလည်း လက်ရှိအချိန် မန်ချက်စတာစီးတီးအသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

ထို့ကြောင့် ဖီနာဘာချီအသင်းအနေဖြင့် မန်ချက်စတာစီးတီးအသင်းထံမှ ဂိုးသမား အီဒါဆင်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)



## နည်းပြ အိုလီဗာဂလက်စနာအား စာချုပ်သက်တမ်းတိုးရန် ခရစ္စတယ်ပဲလေ့စ်အသင်း စီစဉ်

**လန်ဒန် မတ် ၂၆**

ခရစ္စတယ်ပဲလေ့စ်အသင်းသည် အသင်းနည်းပြ အိုလီဗာဂလက်စနာအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အဆိုပါ နည်းပြသည် ခရစ္စတယ်ပဲလေ့စ်အသင်းအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်က စတင်ကိုင်တွယ်ပြီး ၄၈ပွဲကိုင်တွယ်ကာ ၂၃ပွဲနိုင်၊ ၁၂ပွဲသရေ၊ ၁၃ပွဲရှုံးရလဒ်ပိုင်ဆိုင်ထားသည်။



ခရစ္စတယ်ပဲလေ့စ်အသင်း ထုတ်ပြန်ချက်တွင် "နည်းပြ အိုလီဗာဂလက်စနာအား စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် နည်းပြကောင်းတစ်ဦးပါ" ဟုထုတ်ပြန်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၂၈ပွဲ ကစားအပြီးတွင် ရမှတ် ၃၉မှတ်ဖြင့် အဆင့် ၁၂နေရာတွင် ရပ်တည်ခဲ့သည်။

(ဝဲပုံ)(NGB)

## 2025 Miami Open presented by Itau အမျိုးသားတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Novak Djokovic တက်ရောက်

**မိုင်ယာမီ မတ် ၂၆**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic တက်ရောက်ခဲ့သည်။

အဆိုပါ ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic သည် 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် အီတလီတင်းနစ်ကစားသမား Lorenzo Musetti အား ၆-၂၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဆားဘီးယား တင်းနစ်ကစားသမား Novak Djokovic နှင့် အိမ်ရှင်အမေရိကန်တင်းနစ်ကစားသမား Sebastian Korda တို့ ယှဉ်ပြိုင် ကစားသွားမည် ဖြစ်သည်။

(အောက်ပုံ)

(NGB)



## ဘောလုံးသတင်း အတိုအထွာများ

* စပိန်လာလီဂါထိပ်သီးကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် လီဗာပူးအသင်းကစားသမား အလက်ဇန္ဒားအာနိုးလ်အား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* အီရန်အသင်းသည် အာရှကိုယ်စားပြုအသင်းများထဲတွင် ဂျပန်ပြီးနောက် ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်မြင်သည့်အသင်း ဖြစ်လာခဲ့သည်။

* မန်ချက်စတာယူနိုက်တက်အသင်းသည် လာမည့် နွေရာသီဈေးကွက်အတွင်းတွင် စပို့တင်းလစ္စဘွန်းအသင်းတိုက်စစ်မှူး ဖရန့်စကို ထရင်ကာအိုအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

(NGB)

*-*-*-*-*-*-*

## အဒါဂူလာ ရီးရဲလ်မက်ဒရစ်အသင်းတွင် ဆက်ရှိသွားမည်

**မက်ဒရစ် မတ် ၂၆**

တောင်ပံကစားသမား အဒါဂူလာက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟာလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ပြောကြားခဲ့သည်။

အဆိုပါ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည် ဖြစ်သည်။

တောင်ပံကစားသမား အဒါဂူလာသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၃ပွဲကစားပြီး ၉ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၀)နှစ်အရွယ်ရှိ အဒါဂူလာက "ကျွန်တော် အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီမှာလည်း အိမ်ဝယ်ဖို့စီစဉ်နေပါတယ်။ ပြီးတော့ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားလိုပါတယ်" ဟု ပြောသည်။

(အောက်ပုံ)

(NGB)



## 2025 Miami Open presented by Itau အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Jasmine Paolini တက်ရောက်

**မိုင်ယာမီ မတ် ၂၆**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အီတလီတင်းနစ်မယ် Jasmine Paolini တက်ရောက်ခဲ့သည်။

အဆိုပါ အီတလီတင်းနစ်မယ် Jasmine Paolini သည် 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပိုလန်တင်းနစ်မယ် Magda Linette အား ၆-၃၊ ၆-၂ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။



2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်မယ် Jasmine Paolini နှင့် ဘီလာရုတင်းနစ်မယ် Aryna Sabalenka တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(ဝဲပုံ)

(NGB)


## စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၇)ပွဲကျန်

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၈-၃-၂၀၂၅ | (၁)ဘာစီလိုနာ - အိုဆာဆူနာ(၁၄) | ဘာစီလိုနာ ၁-၀ အိုဆာဆူနာ | ဘာစီလိုနာ(အိမ်) | ၁၂ | ၉ | - | ၃ | ၃၃ | ၉ |
| နံနက်၀၂:၃၀နာရီ | (အိုဆာဆူနာ ၄-၂ ဘာစီလိုနာ) | အိုဆာဆူနာ ၁-၂ ဘာစီလိုနာ | အိုဆာဆူနာ(ဧည့်) | ၁၂ | ၁ | ၆ | ၅ | ၇ | ၁၇ |

# ပရိယတ္တိသာသနဟိတအသင်းကြီးတွင် ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲဖြေဆိုနေကြသည့် စာဖြေသံဃာတော်များအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ကြည့်ရှု





**မန္တလေး မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ ကျင်းပနေသည့် အမှတ်(၂)(ဗ-ခ) မဟာအောင်မြေမြို့နယ် ဓမ္မာစရိယ စာဖြေဌာန၊ ပရိယတ္တိသာသနဟိတ အသင်းကြီးသို့ ယနေ့မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုခဲ့သည်။

အဆိုပါ စာဖြေဌာနသို့ ရောက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စာဖြေဌာန ကြီးကြပ်ရေးအဖွဲ့ ဆရာတော်ကြီးများအား ဖူးမြော်၍ ဩဝါဒများခံယူကာ စာဖြေခန်းများတွင် စာဖြေသံဃာတော်များ၊ သီလရှင်များ အေးချမ်းစွာဖြင့် စာဖြေဆိုနေမှုကို လိုက်လံကြည့်ရှုကြည်ညိုပြီး တိုင်းဒေသကြီး သာသနာရေး ဦးစီးမှူးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း အစိုးရဓမ္မာစရိယစာမေးပွဲ စာဖြေဌာန ၉ ခု ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုနှင့် ဝင်ရောက်ဖြေဆိုမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ ဆရာတော်ကြီးများ၊ စာဖြေသံဃာတော်များနှင့် သီလရှင်များ စိတ်ချမ်းမြေ့စေရေး အလေးထားဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။





မန္တလေးတိုင်းဒေသကြီးအတွင်း အစိုးရဓမ္မာစရိယစာဖြေဌာန(၉)ခု ဖွင့်လှစ်ထားရှိပြီး စာဖြေစာရင်းသွင်း ၄၄၄၂ ပါးရှိကြောင်း၊ ပါရာဇိကဏ်ဘာသာရပ်တွင် ၂၈၆၉ ပါး၊ သီလက္ခန်ဘာသာရပ်တွင် ၂၄၄၆ ပါး၊ ဓမ္မသင်္ဂဏီဘာသာရပ်တွင် ၂၁၉၂ ပါး၊ မြန်မာဂုဏ်ထူးတွင် ၃၀၃ ပါးနှင့် ပါဠိဂုဏ်ထူးတွင် ၁၁၀ ပါး ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားကြောင်း၊ ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲများကို ဧပြီ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မန္တလေး မတ် ၂၆**

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ဓနုံကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးဖလား အလွတ်တန်းဖိတ်ခေါ် ဘောလုံးအားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ဓနုံကျေးရွာအုပ်စု ဘောလုံးအားကစားကွင်းတွင် ကျင်းပသည်။ **(အောက်ပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး သူရဦးရန်နိုင်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးစိုးဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတိုးဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်တေဇ၊ အဖွဲ့ဝင်(၂) ဦးကိုဇော်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးမှူး ဦးနေဝင်းထွန်း၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ စုစုပေါင်းအင်အား ၃၀၀ ဦးခန့် တက်ရောက်ကြသည်။



အခမ်းအနားတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး သူရဦးရန်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ဘောလုံးပွဲဖွင့်ပွဲကို ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ယနေ့ပွဲစဉ်အဖြစ် ဓနုံလူငယ်အသင်းနှင့် မြစ်လောင်းအသင်းတို့က ယှဉ်ပြိုင်ကစားကြသည်။

အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ဓနုံကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးဖလား အလွတ်တန်းဖိတ်ခေါ် ဘောလုံးအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၃၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၃)**

## ဌာနဆိုင်ရာ ရုံးများအရောက် စာအုပ်၊ စာစောင်များ ကွင်းဆင်းငှားရမ်းပေး

**လဲချား မတ် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဗဟုသုတရရှိစေရန်၊ အားလပ်ချိန်များကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ စဉ်းစားတွေးခေါ်မှုဉာဏ်များ ရင့်သန်လာစေရန်၊ အမှားနှင့်အမှန် ခွဲခြားပိုင်းခြားတတ်စေရန်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာကြည့်တိုက်သို့ မလာရောက်နိုင်သော စာပေချစ်မြတ်နိုးသူများအတွက် ရည်ရွယ်၍ ယမန်နေ့ နံနက် ၁၀ နာရီက Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ နယ်လှည့်ကွင်းဆင်း ငှားရမ်းပေးခဲ့သည်။

ထိုသို့ စာအုပ်၊ စာစောင်များ ကွင်းဆင်းငှားရမ်းပေးရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကျေးလက်ဦးစီးဌာနရုံးသို့ သုတ၊ ရသစာအုပ်၊ စာစောင်များကို ကွင်းဆင်းငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀

**စာအုပ်စာပေ လူ့မိတ်ဆွေ။**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၅)သို့ တက်ရောက်

**မန္တလေး မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၅)ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ယနေ့ မွန်းလွဲပိုင်းက ကျင်းပရာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအတွင်း ရေမြေကောင်းမွန်သည့် စိုက်ပျိုးနိုင်သော လယ်ယာမြေများ ထိခိုက်လျော့နည်းမှုများ မရှိစေရေး၊ လယ်ယာမြေများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုခြင်းများ မဖြစ်ပေါ်စေရေးတို့အတွက် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စံပြုလုပ်ထုံးလုပ်နည်းများနှင့်အညီ၊ စစ်ဆေးကြပ်မတ်ကာ ထိရောက်စွာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုထားသည့် လုပ်ငန်းများကိုလည်း သတ်မှတ်ခွင့်ပြုထားသည့် နည်းလမ်းများအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

၎င်းနောက် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးသိန်းဝင်းက လယ်ယာမြေဥပဒေပုဒ်မ-၃၀(က)(ခ)အရ အခြားနည်းအသုံးပြုခွင့် လျှောက်ထားလာမှုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိစစ်တင်ပြရန် လွှဲပြောင်းပေးပို့လာသည့် စိစစ်ရန်ကိစ္စရပ်များအပေါ် ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများက လယ်ယာမြေစီမံခန့်ခွဲမှု လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။




**(မန္တလေးနေ့စဉ်)**

## အငြိမ်းစားဝန်ထမ်းများအား ချိုသာသောဈေးနှုန်းဖြင့် စားအုန်းဆီများ ရောင်းချပေး

**ကံမ မတ် ၂၆**

မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊ ကံမမြို့နယ်၌ မတ် ၂၂ ရက် နံနက် ၁၀ နာရီက အငြိမ်းစားဝန်ထမ်းများအတွက် ပြည့်ဝဆီအရောင်းဆိုင်က စားအုန်းဆီများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တို့မှ တာဝန်ခံအရာရှိနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။



ထိုသို့ စားအုန်းဆီများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချရာတွင် အငြိမ်းစားဝန်ထမ်းတစ်ဦးလျှင် စားအုန်းဆီ ၅၀ ကျပ်သား (ဆီဘူးခွံအပါ)အား ငွေကျပ် ၄၄၀၀ ဖြင့် ဆီပိသာချိန် ၄၀၀ ကို ရောင်းချပေးခဲ့ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

## ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံ စားတော်ပဲ ဧက ၁၇၈၀ အထိ ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ မတ် ၂၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စားတော်ပဲ ဧက ၁၇၈၀ အထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၅၂ တင်း ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ၂၀၂၄ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲသီးနှံ ၃၃၁၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စားတော်ပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းလျက်ရှိရာ ယနေ့အထိ ဧက ၁၇၈၀ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနေ့အထိ စားတော်ပဲစိုက်ဧက ၁၇၈၀ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စားတော်ပဲသီးနှံရိတ်သိမ်းတာနဲ့ပတ်သက်ပြီး လေလွင့်ဆုံးရှုံးမှုတွေမဖြစ်အောင် စနစ်တကျ ရိတ်သိမ်းကြဖို့နဲ့ လိုအပ်တဲ့ ရိတ်သိမ်းခြွေလှေ့နည်းစနစ်များကိုလည်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးပါတယ်။ နောက်ပြီး ရိတ်သိမ်းပြီး သီးနှံများကိုလည်း အရည်အသွေးကောင်းမွန်အောင် အမိုးအကာအောက်မှာ သေချာ စွာ သိမ်းဆည်းနိုင်ရန် လိုအပ်တာတွေ ကူညီဆောင်ရွက်ပေးပါ တယ်"ဟု ပွင့်ဖြူမြို့နယ်စိုက် ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ စားတော်ပဲသီးနှံစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းများတိုးတက်စေရန် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးရေ စနစ်တကျ သုံးစွဲရေး ၊ မြေဩဇာ နှင့် သွင်းအားစုများ မှန်မှန် ကန်ကန်သုံးစွဲတတ်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အချိန်မီသီးနှံရိတ်သိမ်းနည်းပညာ များ စသည့် တောင်သူအသိ ပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဈေးကွက်ရှိသည့် စားတော်ပဲ၊ ကုလားပဲ၊ မတ်ပဲ၊ ထောပတ်ပဲ၊ ပဲယဉ်း၊ ပဲကြီး၊ ပဲလွမ်း စသည့် ပဲမျိုးစုံသီးနှံများ ကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ထိုသို့ စိုက်ပျိုးရာ၌ အချို့တောင်သူများက ပဲမျိုးစုံသီးနှံအား သီးသန့်စိုက်ပျိုးကြသလို နှစ်သီးစားဝင်ငွေရရှိရေးအတွက် အခြားသီးနှံများနှင့် ရောနှော၍ သီးထပ်သီးညှပ် စိုက်ပျိုးကြသည်။

စားတော်ပဲသီးနှံကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးကာ အထွက်နှုန်းများ တိုးတက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားတော်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။ (၄၄၅)

## ၂၀၂၅ ခုနှစ် "ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ" ဓာတ်ပုံပြိုင်ပွဲ

၂၀၂၅ ခုနှစ် မဟာသင်္ကြန်တွင် **'ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ'** ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပပါမည်။ ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများထိုက်တန်စွာ ချီးမြှင့်ပါမည်။

**ပြိုင်ပွဲစည်းကမ်းချက်များ–**

၁။ ၁၀လက်မ×၁၄လက်မအရွယ် ရောင်စုံဓာတ်ပုံ ဖြစ်ရမည်။

၂။ ဓာတ်ပုံပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်တစ်ဦးလျှင် ဓာတ်ပုံ (၃)ပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်သူအမည်တစ်ခုထက်ပိုပြီး မယှဉ်ပြိုင်ရ။ ယှဉ်ပြိုင်သည်ကို တွေ့ရှိပါက ဆုစာရင်းက ပယ်ဖျက်မည်။

၃။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ၂၀၂၅ ခုနှစ် သင်္ကြန်ပွဲတော်တွင် ရိုက်ကူးထားသောပုံ ဖြစ်ရမည်။ ပုံဟောင်းများ ပါဝင်ယှဉ်ပြိုင်ခြင်း မပြုရပါ။

၄။ ဓာတ်ပုံများကို ကိုယ်တိုင်ရိုက်ကူးသူကသာ တာဝန်ယူတင်သွင်းရမည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် အရှုပ်အရှင်းပြဿနာပေါ်ပေါက်ပါက ပြိုင်ပွဲဝင်သူက တာဝန်ယူဖြေရှင်းရမည်ဖြစ်ပြီး ပေးအပ်ထားသောဆုကို ပြန်လည်ရုပ်သိမ်းမည်။

၅။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၇)ဆုအား ထိုက်တန်စွာ ချီးမြှင့်မည်။ ပြိုင်ပွဲဝင်သူတစ်ဦးသည် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့် ဆု(၇)ဆုအနက် တစ်ဆုသာ ခံစားခွင့်ရှိမည်။

၆။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီတို့က လိုအပ်သလို အသုံးပြုမည်။

၇။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် Digital DSLR နှင့် Mirrorless ကင်မရာများဖြင့် ရိုက်ကူးယှဉ်ပြိုင်ခွင့်ပြုမည်။ Drone Camera, Phone, GoPro နှင့်အလားတူ ကင်မရာများဖြင့် ရိုက်ကူးထားသောပုံများ ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင် ရိုက်ကူးထားသည့် မူရင်းဖိုင်နှင့် Print File တို့ကို CD ဖြင့် တင်ပြရမည်။

၈။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို (၂၂-၄-၂၀၂၅)ရက် (အင်္ဂါနေ့)၊ နံနက်(၁၀း၀၀ နာရီမှ ညနေ ၄း၀၀နာရီ)အတွင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ဌာနမှူးရုံးခန်းသို့ ပေးပို့ရပါမည်။

၉။ ဓာတ်ပုံဆုရွေးချယ်ခြင်းကို (၂၃-၄-၂၀၂၅)ရက် (ဗုဒ္ဓဟူးနေ့)၊ နံနက်(၁၀း၀၀)နာရီတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးတွင် ပြုလုပ်မည်။

၁၀။ ဓာတ်ပုံဆုချီးမြှင့်ခြင်းအခမ်းအနားကို (၂၄-၄-၂၀၂၅)ရက် (ကြာသပတေးနေ့) နံနက်(၁၀း၀၀)နာရီတွင် ကျင်းပမည်ဖြစ်ပြီး ပြောင်းလဲမှုရှိပါက ဆုရရှိသူများအား အချိန်မီ အကြောင်းကြားပေးပါမည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပန်းသေးဗလီသို့ သွားရောက်၍ ဥပုသ်ဆောက်တည်နေသော အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များအတွက် အာဟာရဖြည့်စွက်စာများ သွားရောက်လှူဒါန်း



**မန္တလေး မတ် ၂၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ညနေပိုင်းက ရမ်ဇာန်လမြတ်ကာလတွင် ဥပုသ်ဆောက်တည်နေသော မဟာအောင်မြေမြို့နယ်၊ ပန်းသေးဗလီရှိ အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များအတွက် အာဟာရဖြည့်စွက်စာများ သွားရောက်လှူဒါန်းကြသည်။

ထိုသို့ လှူဒါန်းရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ်၊ လမ်း ၈၀၊ ၃၅ လမ်းနှင့် ၃၆ လမ်းကြားရှိ ပန်းသေးဗလီသို့ ရောက်ရှိရာ ဗလီဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဥပုသ်ဆောက်တည်နေသော အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များ၏ ဥပုသ်ဆောက်တည်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဥပုသ်ဆောက်တည်ပြီး ဥပုသ်ဖြည့်နေသော အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များအား အာဟာရဖြည့်စွက်စာများကို တစ်ဦးချင်းလိုက်လံပေးအပ်လှူဒါန်းခဲ့ကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဥပုသ်သည်များအတွက် အလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**





## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ကျဆင်း

**မန္တလေး မတ် ၂၆**

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၈၅၅ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့် တစ်ပတ် မတ် ၁၇ရက်မှ ၂၃ရက်အထိ စားအုန်းဆီရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ငွေကျပ် ၆၈၇၅ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် မတ် ၂၄ရက်မှ ၃၀ ရက်အထိ ရည်ညွှန်းဈေးသည်လည်း တစ်ပိဿာ ငွေကျပ် ၆၈၅၅ ဖြစ်သဖြင့် ၂၀ ကျပ် ဈေးကျသွားခြင်း ဖြစ်သည်။



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများကို ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

၀-၀-၀-၀-၀

## ကြံရည်သောက်သုံးသူများပြားသည့်ရာသီဖြစ်၍ မန္တလေးတွင် ကြံများဈေးကောင်းရနေ

**မန္တလေး မတ် ၂၆**

ကြံကို သကြားချက်လုပ်သည့် စက်ရုံများသို့ တင်ပို့ခြင်းအပြင် နွေရာသီကာလတွင် ကြံရည်သောက်သုံးသူ များပြားလာခြင်းကြောင့် မန္တလေးတွင် ဈေးကောင်းရနေကြောင်း မန္တလေးမြို့၊ ၂၄လမ်း၊ ၈၆လမ်းမှ ကြံရောင်းသူက ပြောသည်။ ကြံထွက်ရှိရာဒေသအလိုက် ကြံရည်အရသာနှင့် အရောင်းအဆင်းကွဲပြားကာ ဈေးနှုန်းလည်းကွာခြားသည်ဟု ဆိုသည်။

"မနှစ်ကထက် ဒီနှစ်မှာ ဈေးပိုကောင်းတယ်။ တပို့တွဲလလောက်ကစပြီးတော့ ကြံတွေရောင်း ရတယ်။ ကြံရည်တွက်ဆိုရင် မြင်းခြံက ထွက်တဲ့ကြံက အကောင်းဆုံးပဲ။ အရောင်လှတယ်။ အရည်ချိုတယ်။ တခြားဒေသကထွက်တဲ့ကြံက အဲလောက် မကောင်းဘူး။ ဒီနှစ်မှာ ကြံတွေ မနှစ်ကထက် ဈေးပိုကောင်းလာတယ်" ဟု ၎င်းက ပြောသည်။

ကြံရည်အတွက် ကြံရောင်းချသည့် ဈေးကွက်တွင်ယခင်နှစ်က ကြံ ၁၀ ချောင်းပါတစ်စည်းလျှင် ငွေကျပ် ၈၀၀၀နှင့် ၁၀၀၀၀ကြားတွင်ရှိသော်လည်း ယခုနှစ်တွင် ငွေကျပ် ၁၂၀၀၀ အနည်းဆုံးပေါက်ဈေးရှိပြီး ကြံရည်ရောင်းသူများမှ တစ်ခွက်လျှင် ငွေကျပ် ၅၀၀မှ ၁၀၀၀နှင့်အထက် ရောင်းချကြသည်။

"ကြံတစ်စည်းကို ကြံရည်ခွက်ပေါင်း ၅၀ လောက်ထွက်လို့ သူတို့က ပိုပြီးအမြတ်ရကြတာ။ ကျွန်တော်တို့က ကြံတစ်စည်းကို ငွေကျပ် ၃၀၀၀လောက်ပဲ အမြတ်ရတယ်။ နွေရာသီမှာ ကြံရည်ရောင်းကောင်းသလို ကြံရည်ကလူအတွက် ခွန်အားဖြစ်စေတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကြံရည်သောက်သုံးသူများ ဈေးကွက်တွင် တပို့တွဲလမှ ဝါခေါင်လအထိ ကြံရည်အများဆုံး ရောင်းချရပြီး မြင်းခြံ၊ သပိတ်ကျင်း၊ ကသာ၊ နောင်ချို စသည့်ဒေသများမှ ကြံထွက်ရှိပြီး သကြားစက်ရုံများသို့ ရောင်းချခြင်းထက် ကြံရည်အဖြစ် ရောင်းချသည့် ကြံဈေးကွက်က ပိုမိုအမြတ်အစွန်းရကြောင်း သိရသည်။ **(အောက်ပုံ)**

**လူသစ်လေး**

## စစ်ကိုင်းမြို့တွင် နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်

**စစ်ကိုင်း မတ် ၂၆**

စစ်ကိုင်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ နွေရာသီ အခြေခံအားကစားနည်း သင်တန်းများကို စစ်ကိုင်းမြို့၊ မြို့မအားကစားကွင်းနှင့် အားကစားခန်းမတို့၌ ယမန်နေ့က ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး အားကစားပစ္စည်းများ၊ လေ့ကျင့်ရေးအသုံးအဆောင်ပစ္စည်းများနှင့် သောက်ရေသန့်ဘူးများ ပေးအပ်ခဲ့ကြသည်။

စစ်ကိုင်းမြို့တွင် နွေရာသီအားကစားသင်တန်းများအဖြစ် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ စားပွဲတင် တင်းနစ်၊ Ground တင်းနစ်၊ ဘတ်စကက်ဘော၊ Fitness Dance၊ ကရာတေးဒို၊ ဘော်လီဘော အားကစားနည်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပြီး သင်တန်းသား၊ သင်တန်းသူ ၂၀၀ ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ မတ် ၁၇ ရက်မှ ဧပြီ ၄ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# စာအုပ်စင်ကဏ္ဍ

## ဖော်ညွှန်းသီ

စာအုပ်အမည် - ဝါကြန့်ကြန့် ပြက္ခဒိန်စာရွက်ပေါ်ကနေ့များ
စာရေးသူ - သွယ်အောင်
ထုတ်ဝေသည့်စာပေတိုက် - ဖိုးဝစာပေ(မန္တလေး)
တန်ဖိုး - ၄၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ပန်းချီသွယ်အောင်၊ ကျော်ဇင်ကို
ထုတ်ဝေသည့်ကာလ - ၂၀၂၅၊ မတ်လ




ဤစာအုပ်နှင့် ပတ်သက်၍ နေ့များအကြောင်းနှင့် အမျိုးသားစာပေဆုရ ဆရာနေမျိုး၏ အမှာစာနှင့်အတူ ခေတ်ပေါ်မော်ဒန်ကဗျာ(၂၅)ပုဒ်ကို စုစည်းထားသည်။

"သူဟာကဗျာရေးသူတစ်ယောက်ပါ။ သူဟာ ပန်းချီဆွဲသူတစ်ယောက်ပါ။ သူဟာ အယ်ဒီတာ တစ်ယောက်ပါ။ သူ့ကို တြိဂံပုံစကြာ မှန်ပြောင်းထဲမှာ အဆန်းတကြယ်မြင်ရသလို ထင်မှတ်ရပေမယ့်တကယ်တော့ သူဟာကမ္ဘာဦးကျောက်ခေတ်လူသားမေးရိုးနဲ့ ရှေးလူတစ်ယောက်နဲ့သာတူလေရဲ့။ သူဟာ သွယ်အောင်လို့ အမည်ကို သူခံယူထားတယ်။ သူ့ရဲ့ပြက္ခဒိန်စာရွက်ဟောင်းတွေကို သံဝေဂနည်းနည်းနဲ့ ခံစားမှုနည်းနည်းနဲ့ မထူးဆန်းမှုနည်းနည်းနဲ့ အခုဒီစာအုပ်ထဲမှာ ဖတ်စရာတွေအဖြစ် ရေးဖွဲ့ခဲ့လေတယ်။ သူ့ကဗျာတွေဟာ လူတစ်ယောက် ဘယ်လိုအသက်ရှုခဲ့တယ်။ လူတစ်ယောက် ဘယ်လိုလမ်းလျှောက်လို့ ဘယ်လိုရုန်းကန်ခဲ့တယ်။ လူတစ်ယောက် ဘယ်လိုကြံဆခဲ့တယ်ဆိုတဲ့ သော့ချက်ကို မြင်တွေ့နိုင်ကြဖွယ်ရှိပါတယ်"


နေမျိုးအမှာမှ-

ခေတ်ပေါ်ကဗျာနှစ်သက်သူများ သဘောကျမည့် စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် ဖုန်း ၀၉-၄၀၂၅၈၉၄၅၄၊ ၀၉-၄၀၄၆၀၁၀၆၅ သို့ ဆက်သွယ်ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

---

စာအုပ်အမည် - အိမ်မြှောင်များ
စာရေးသူ - မောင်ကိုကို(အမရပူရ)
ထုတ်ဝေသည့်စာပေတိုက် - နှစ်ကာလများစာပေ(ရန်ကုန်)
တန်ဖိုး - ၅၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - အုံ့ဘွယ်ဇင်
ထုတ်ဝေသည့်ကာလ - ၂၀၂၃၊ ဇွန်လ

စာရေးသူက ပြင်ပတွင်ရှိခဲ့သော သူ့မိတ်ဆွေပန်းချီဆရာ၊ ဓာတ်ပုံဆရာ၊ ကဗျာဆရာ၊ စာရေးဆရာများ၏ အဖြစ်အပျက်များကို တောကျီးကန်း၊ ကျွဲရိုင်း၊ ရှေးဟောင်း၊ မှန်ကြောင်၊ ပိုးဟပ်ဖြူ၊ သိမ်းစွန်ငှက် ဓာတ်ကောင်အမည်များပေး၍ ရေးဖွဲ့ထားသော သက်ဝင်လှုပ်ရှားဖွယ် ဝတ္ထုရှည်တစ်ပုဒ်ဖြစ်သည်။ အထူးသဖြင့် ဆရာမောင်ကိုကို၏ မိတ်ဆွေဆရာပိုင်စိုးဝေ ကွယ်လွန်သွားသည်ကို တမ်းတသတိရစိတ်ဖြင့် "သိမ်းစွန်ငှက်" ဓာတ်ကောင်ထည့်သွင်းဖန်တီးထားသည်။ စာပေအနုပညာချစ်မြတ်နိုးသူများ နှစ်သက်မည့်စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး



## စွမ်းအားဂုဏ်ပြည့် တပ်မတော်နေ့

* ပြည့်တပ်မတော်၊ ညီစေလော ညီစေလော
ကောင်းတည်း၊ တည်ခြင်း တည်ခြင်း
ကောင်းဖွယ်၊ ဂုဏ်လင်း ဂုဏ်လင်း
ကောင်းတည်း၊ မှန်ခြင်း မှန်ခြင်း။
ရဲရင့်စွာလေ၊ မြတ်စေ မြတ်စေ။
ထမ်းရွက်ကျိုးဆောင်၊ ထွန်းအရောင်
ပြည်ထောင်စုစည်းပေ၊ စုစည်းပေ။
အဓိဋ္ဌာန်ပြု၊ ကာကွယ်မှု
ဆစ်ထုငြိမ်းချမ်းနေ၊ ငြိမ်းချမ်းနေ။
သားကောင်းဇာနည်၊ တို့မြန်ပြည်
ဂုဏ်ရည်ပြည့်ဝပေ၊ ပြည့်ဝပေ။
တပ်မတော်နေ့၊ ဂုဏ်ရည်ပြည့်
တည်လေ့ခေတ်ကြာရှည်၊ ခေတ်ကြာရှည်။
နိုင်ငံပြည်သူ၊ ဖေးမကူ
ကြည်ဖြူမျိုးမိတ်ဆွေ၊ မျိုးမိတ်ဆွေ။
တတ်သိဉာဏ်ဆင့်၊ စွမ်းဆောင်ဝင့်
မလင့်တာဝန်တွေ၊ တာဝန်တွေ။
နိုင်ငံကာကွယ်၊ အေးချမ်းကြွယ်။
စိတ်ဝယ်ရွှင်ပျော်နေ၊ ရွှင်ပျော်နေ။
ဇာနည်သားကောင်း၊ ရန်အပေါင်း
စုပေါင်းတိုက်ဖျက်ပေ၊ တိုက်ဖျက်ပေ။
ကမ်းလက်သီကာ၊ ကူညီစွာ
ပြည်သာဖွံ့ဖြိုးစေ၊ ဖွံ့ဖြိုးစေ။
သစ္စာစောင့်သိ၊ ဆိုကတိ
တည်ဘိစိတ်အထွေ၊ စိတ်အထွေ။
စစ်ချီတေးဆို၊ ပြုံးရွှင်ချို
ထမ်းသိတာဝန်တွေ၊ တာဝန်တွေ။
ပြည်သူ့ကျိုးပြု၊ ထမ်းရွက်မှု
ဂုဏ်စုမြဲမသွေ၊ မြဲမသွေ။
စစ်သည်ဂုဏ်အင်၊ ပြည်ချစ်ခင်
ရောင်စဉ်ထွန်းတောက်ရွှေ၊ ထွန်းတောက်ရွှေ။
မွန်းသလော၊ သွန်းခလော၊ ထွန်းပလော။ ။

**နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏။**

သူ့ထက်ဆန်း(မန္တလေး)

---

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**စဉ့်ကိုင် မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် မြန်မာနိုင်ငံရှိ ကလေးငယ်များအား ကျောင်းနေအရွယ်ချိန်တွင် ပြင်ပလုပ်ငန်းခွင်များ၌ ခိုင်းစေမှုလျော့နည်းပပျောက်စေရေး စသည်တို့ကို ရည်ရွယ်ကာ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို မတ် ၂၅ရက် နံနက် ၉နာရီက သင်္ဂတုံကျေးရွာရှိ "ဘဝအလင်းသစ်" စာကြည့်တိုက်၌ ကျင်းပသည်။

ဟောပြောပွဲတွင် သင်္ဂတုံကျေးရွာအုပ်ချုပ်ရေးမှူး "ဘဝအလင်းသစ်" စာကြည့်တိုက်ကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက ကလေးအလုပ်သမား၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အသက်အရွယ်အပိုင်းအခြားနှင့် အလုပ်ချိန်ကန့်သတ်ချက်များ၊ ပြစ်မှု၊ ပြစ်ဒဏ်များနှင့် ဥပဒေများ စသည့်အကြောင်းအရာတို့ကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးမေးမြန်းကြကြောင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (အခမဲ့)ထုတ်ဝေသော နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို(အခမဲ့) ဖြန့်ဝေကြသည်။

ဟောပြောပွဲအပြီးတွင် တက်ရောက်လာကြသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှပြသထားသော အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**(အောက်ပုံ)**

(၃၉၉)





## သတင်းပဒေသာ

### အစိုးရဓမ္မာစရိယစာမေးပွဲ ဖြေဆို

အစိုးရဓမ္မာစရိယစာမေးပွဲ ပထမနေ့ (ပါရာဇိကဘာသာရပ်) ဖြေဆိုခြင်းကို မတ် ၂၅ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ် ညောင်ရွှေမြို့၊ စိန်ရတုပုဗ္ဗာရာမကျောင်းဆောင်၌ စတင်ကျင်းပသည်။

အဆိုပါ အစိုးရဓမ္မာစရိယစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုရန် ညောင်ရွှေစာဖြေဌာနမှ သံဃာတော်နှင့် သီလရှင်ဆရာလေး စုစုပေါင်း ၃၃ ပါး စာရင်းပေးသွင်းထားပြီး ၂၄ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြောင်းနှင့် စာဖြေသံဃာတော်များ စာမေးပွဲဖြေဆိုနေမှုကို စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဆရာတော်များ၊ မြို့နယ်သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဌာန တာဝန်ရှိသူများနှင့် လူပုဂ္ဂိုလ်များက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲဖြေဆို

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့တွင် ၂၀၂၅ ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲကို မြောက်ကျောင်းပရိယတ္တိစာသင်တိုက်၌ ယမန်နေ့ မွန်းလွဲပိုင်းက စတင်ဖြေသည်။

၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုရန် စာရင်းပေးသွင်းထားသော ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၆၃ပါးရှိရာ ရဟန်း၊ သာမဏေ၊ သီလရှင် ၅၃ပါး ဝင်ရောက်ဖြေဆိုကြပြီး ဖြေဆိုရန်ပျက်ကွက်သူ ၁၀ပါးရှိကြောင်းနှင့် အဆိုပါ စာမေးပွဲကို မတ် ၂၅ရက်မှ ဧပြီ ၆ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ခရိုင်သာသနာရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် နွေရာသီ ကျောင်းပိတ်ရက်များတွင် လူငယ်များ ဉာဏ်ရည်၊ ဉာဏ်သွေး ထက်မြက်စေရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ ယမန်နေ့နံနက် ၉ နာရီခွဲက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲဝင်ကလေးများအား ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပရာ ကျောင်းသားလူငယ် (၁၀)ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### သင်္ကြန်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးဝန်းရှိ အစည်းအဝေးခန်းမ၌ ယမန်နေ့ ညနေပိုင်းက ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ စုပေါင်း၍ သင်္ကြန်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးငြိမ်းထွန်းကျော်က သင်္ကြန်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအမှာစကားပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသည့်ကော်မတီအလိုက် အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် နွေရာသီ ကျောင်းပိတ်ရက်များတွင် လူငယ်များ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ပုံပြင်ပြောပြိုင်ပွဲကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ယဉ်ကျေးလိမ္မာဓမ္မစကူးလ်သင်တန်းဖွင့်ပွဲ ကျင်းပ



**မန္တလေး မတ် ၂၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ လမ်း ၆၀ ရှိ မဟာဝိဇယကျောင်းတိုက်၌ ယဉ်ကျေးလိမ္မာဓမ္မစကူးလ် သင်တန်းဖွင့်ပွဲကို မတ် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ရပ်ကွက်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၀၀ ကျော်ကို သင်တန်းတက်ရောက်သည်။

ရှေးဦးစွာ သင်တန်းကို ဘုရားကန်တော့ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများနှင့် လူပရိသတ်တို့က မဟာဝိဇယကျောင်းတိုက်သာသနာပြု ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရထံက သီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်ကြီးက သင်တန်းဖွင့်လှစ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မိမိတို့ လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာ ထိန်းသိမ်းစောင့်ရှောက်တတ်ရန် မိမိတို့၏ဘာသာ၊ သာသနာကို ကြည်ညိုတတ်ရန်၊ မိမိတို့ နိုင်ငံကို ချစ်မြတ်နိုးတတ်ရန်ဖြစ်ကြောင်း ဩဝါဒကထာ မြွက်ကြားပြီး သင်တန်းသူ၊ သင်တန်းသားများကိုယ်စား မဟာဝိဇယသာသနာပြု ယောဂီဒေါ်သန်းနုနွယ်မှ ကျေးဇူးတင်ဝမ်းမြောက်စကားလျှောက်ထားပြီး ဖွင့်ပွဲအခမ်းအနားကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းသည်။

ယဉ်ကျေးလိမ္မာဓမ္မစကူးလ်သင်တန်းကို ရက်သတ္တပတ် နှစ်ပတ်ဖွင့်လှစ်မှာဖြစ်ပြီး ကျောင်းသား ၄၀ ကျော်တို့အား လက်ာရဘွဲ့ရလူပြန်တော် ကိုမျိုးမင်းနှင့်အဖွဲ့မှ သင်ကြားပြီး ကျောင်းသူ ၆၀ ကျော်တို့အား ဒေါ်သန်းနုနွယ်နှင့်အဖွဲ့မှ သင်ကြားသွားမည်ဖြစ်ကြောင်း မဟာဝိဇယတိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒက (သာသနဓဇ ဓမ္မာစရိယ)က မိန့်ကြားပြီး ဆရာတော် နှစ်ပါးနှင့်အတူ ကျောင်းသား၊ ကျောင်းသူ ဟောင်းများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ဝ၅၁)**

## အားကစားနှင့် ကာယပညာသိပ္ပံနှင့် မန္တလာသီရိအားကစားကွင်း ဝန်ထမ်းများနှင့်တွေ့ဆုံ၊ ဆန်၊ ဆီ၊ ကြက်ဥများ ထောက်ပံ့

**မန္တလေး မတ် ၂၆**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ရှိ ကျောင်းအုပ်ကြီးနှင့် အရာထမ်းများ၊ နည်းပြများ၊ ဝန်ထမ်းများ တွေ့ဆုံပွဲကို မတ် ၂၄ ရက် နံနက် ၁၀ နာရီက ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်း အုပ်ချုပ်မှုရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီးဦးမြင့်ခိုင်က နိုင်ငံ့ဂုဏ်ဆောင်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် အားကစားနည်းအလိုက် လေ့ကျင့်သင်ကြားရေးနှင့် ဝန်ထမ်းရေးရာများ ဆွေးနွေးပြောကြားသည်။ ထို့နောက် ဌာနခွဲအလိုက် နည်းပြများက သင်တန်းသား၊ သင်တန်းသူများအား လေ့ကျင့်သင်ကြားရေးနှင့် ဝန်ထမ်းရေးရာများကို ဆွေးနွေးတင်ပြပြီး ကျောင်းအုပ်ကြီးက တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီးဦးမြင့်ခိုင်သည် မွန်းလွဲ ၂ နာရီတွင် မန္တလာသီရိ အားကစားကွင်း အုပ်ချုပ်ရေးမှူးရုံးတွင် အားကစားကွင်း အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံခဲ့ပြီး ကျောင်းအုပ်ကြီးက အဖွင့်အမှာစကားပြောကြားကာ အရာထမ်း၊ အမှုထမ်းများ တင်ပြလာမှုအပေါ် ကျောင်းအုပ်ကြီးမှ ပြည်လည်ရှင်းလင်း ဆောင်ရွက်ပေးပြီး ဝန်ထမ်းများအား သက်သာချောင်ချိရေးအတွက် ဆန်၊ ဆီ၊ ကြက်ဥများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ) (ဝ၄၅)**



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်း၊ စီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဖေဖော်ဝါရီ ၂၃ ရက်တွင် သီပေါမြို့နေ ဒေါ်နန်းစံခမ်း(၅၁)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်မှ ဆွမ်းအလှူငွေကျပ် ငါးသိန်းငါးသောင်းအား လှူဒါန်းရာ ဆွမ်း၊ကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်း၊ကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းပြန်လည်ပေးအပ်စဉ်။ (ကဆ)



## သပြေခက်နဲ့ ဖျန်းပက်တဲ့ရေ သင်္ကြန်သီချင်း ရိုက်ကူး

**မန္တလေး မတ် ၂၆**

မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအပြင် အသိအမှတ်ပြုခံခဲ့ရသည်။ မြန်မာ့ရိုးရာအတာသင်္ကြန်တေးသီချင်းများလည်း အပြိုင်အဆိုင် ရိုက်ကူးနေကြသည်။ အဆိုပါ သင်္ကြန်တေးသီချင်းများထဲမှ မြန်မာသံစဉ်စစ်စစ်သင်္ကြန်သီချင်းဖြစ်သော 'သပြေခက်နဲ့ ဖျန်းပက်တဲ့ရေ' တေးသီချင်းရုပ်သံရိုက်ကူးခြင်းကို မတ် ၂၃ ရက်၌ မန္တလေးကျုံး အပြင်ဘက်ရှုခင်း၊ မန္တလေးမြို့၊ စန္ဒမုနိဘုရားနှင့် တောင်သမန်ဦးပိန်တံတားနေရာများ၌ ရိုက်ကူးထားကြသည်။



'သပြေခက်နဲ့ ဖျန်းပက်တဲ့ရေ'မြန်မာသံစဉ်သင်္ကြန်သီချင်းကို တေးရေး ဆရာနေနွယ်(ဆင်ရှာမြေ)က ရေးသားပြီး သံစဉ်ကို မန္တလေး သားဗိုလ်က ဖန်တီးထားသည်။ တေးဆို စန္ဒဂူးက သီဆို၍ တေးဂီတ စန္ဒရားသိန်းဆွေဝင်း၊ Studio EMS ၊ Mix-ing ကိုချင်းတို့ တီးခတ်ထားကြသည်။ သရုပ်ဆောင် အကများအဖြစ် မန္တလေးပန်တျာကျောင်းမှ အလင်းသစ်သမီးပျိုများက ပါဝင်သရုပ်ဆောင်ထားကြသည်။ ရိုက်ကူးတည်းဖြတ်သူအဖြစ် ကိုစည်သူလွင်(ဖားစည်)၊ ဓာတ်ပုံ၊ ဗီဒီယိုအဖွဲ့က ရိုက်ကူးပေးကြသည်။ 'သပြေခက်နဲ့ ဖျန်းပက်တဲ့ရေ၊ မြန်မာသံစဉ်သင်္ကြန်သီချင်းကို သင်္ကြန်မတိုင်ခင် ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝဲပုံ)**

**(ဝ၉၁)**

*-*-*-*-*-*-*

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၆၉ ဦးနှင့် တောင်အာဖရိကနိုင်ငံသား ၂၃ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

နေပြည်တော် မတ် ၂၆

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါ လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပ နိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံ အတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေးနယ်မြေမှ အွန်လိုင်းလောင်းကစား မှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများ လုပ်ဆောင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၆၉ ဦးနှင့် တောင်အာဖရိကနိုင်ငံသား ၂၃ ဦး စုစုပေါင်း ၃၉၂ ဦးတို့အား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့ တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးခဲ့ သည်။



အဆိုပါပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာ နိုင်ငံများသို့ အဆင်ပြေချောမွေ့စွာ ပြန်လည် ရောက်ရှိနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်မြင့်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများအား လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြား ရေးမှူး ဦးကျော်မြင့်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ ဆိုင်ရာ တောင်အာဖရိကသံရုံးမှ Ambassador Mr.Darkey Africa နှင့် တာဝန်ရှိသူများ၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီး ဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr.Liu Ning Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင် လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ် သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၆ ရက် အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက် လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၈၆၇၀ ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် မှ ၅၇၉၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံ များသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ် တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၇၂ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေး ရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်း စောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam)နှင့်အွန်လိုင်းလောင်းကစား မှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါ အဝင် နိုင်ငံတကာမှအဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ(Trilateral Cooperation) တို့ဖြင့် စဉ်ဆက်မပြတ် တက်ကြွစွာဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ရွှေဘိုမြို့ရှိ အောင်ဇေယျဈေးအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်၊ ကလေးငယ်တစ်ဦး အပါအဝင် အပြစ်မဲ့ပြည်သူ ငါးဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ သက်သာ ပန်းတောင်းရပ်ကွက်ရှိ အောင်ဇေယျဈေးအတွင်းသို့ မတ် ၂၅ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမား များက ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခဲ့သဖြင့် ကလေးငယ် တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ငါးဦး ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ရွှေဘိုမြို့ သက်သာပန်းတောင်း ရပ်ကွက်ရှိ အောင်ဇေယျဈေးအတွင်းသို့ မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် PDF အမည်ခံအကြမ်းဖက် သမားများက ဥသျှစ်ကန်ကျေးရွာ၏အနောက်တောင် ဘက် မီတာ ၂၅၀ ခန့်အကွာမှ ရှော့တိုက်ဒုံး တစ်လုံး ဖြင့် ပစ်ခတ်ခဲ့သဖြင့် အသက် ငါးနှစ်အရွယ် ကလေး ငယ် တစ်ဦးနှင့် ဈေးအတွင်း ဈေးရောင်းနေသည့် အမျိုးသမီးလေးဦးတို့ ဖုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ပြီး အဆိုပါထိခိုက်ဒဏ်ရာရရှိသူများအား ရွှေဘိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက် ရှိကြောင်း သိရသည်။

ထိုသို့ ဒေသခံပြည်သူများ အေးချမ်းစွာနေထိုင် လျက်ရှိသော မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bombများ၊ ရှော့တိုက်ဒုံး များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပြည်သူလူထု ၏ အသက်အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပြီး ထိုသို့အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဒေသခံပြည်သူလူထုမှ လုံးဝလက်ခံနိုင်ခြင်း မရှိဘဲ ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံ ရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်း များ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

PDF အမည်ခံ အကြမ်းဖက်သမားများက ရွှေဘို မြို့ သက်သာပန်းတောင်းရပ်ကွက်ရှိ အောင်ဇေယျ ဈေးအတွင်းသို့ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။




# စဉ့်ကူးမြို့နယ် မာလဲနတ်တောင်ဆည်နှင့် ကျေးရွာ သုံးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အဆောက်အအုံအများအပြား ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၂၆

မန္တလေးတိုင်းဒေသကြီး စဉ့်ကူး မြို့နယ် မာလဲနတ်တောင်ဆည်နှင့် ကျေးရွာသုံးရွာကို လုံခြုံရေးတပ်ဖွဲ့ ဝင်များက လေကြောင်းဖြင့် ဗုံးကြဲ




တိုက်ခိုက်ခဲ့သဖြင့် အဆောက်အအုံ အများအပြား ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများ က မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေခံလုံခြုံရေး တာဝန်ရှိတစ်ဦးအား ဆက်သွယ် မေးမြန်းချက်အရ အဆိုပါသတင်း မှာ မှန်ကန်မှုမရှိကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူ လူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး လုပ်ငန်း များကိုသာ ဆောင်ရွက်လျက်ရှိပြီး စစ်ရေးပစ်မှတ်မဟုတ်သည့်နေရာ များအား ဗုံးကြဲတိုက်ခိုက်မှုများ မရှိကြောင်း သိရသည်။

အကြမ်းဖက် အားပေး ပြည်ဖျက်မီဒီယာများ အနေဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန် ရည်ရွယ်၍ ယခု ကဲ့သို့ မဟုတ်မမှန်ရေးသား ဖြန့်ဝေနေခြင်း ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံ များ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်း များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒ ဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘ ပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မတ် ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Tun Tun Aung” Telegram အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံရပ်ကွက်နေ ထွန်းထွန်းအောင် (ခ) ဖိုးကုလားအား ညနေ ၅ နာရီ မိနစ် ၄၀ တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက် ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(နန-၇)၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးဘလို အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(နန-၇)၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးဘလို အမည်ပေါက် ဂရန်မြေကွက်ကို ဂရန်အမည်ပေါက်သူ ဦးဘလိုထံမှ ကျွန်မ ဒေါ်သန်းမြင့်က ရောင်းကြေးငွေ ၉၅၀၀၀၀၀/- ကျပ် (ကိုးဆယ့်ငါးသိန်းကျပ်တိတိ)ဖြင့် ၂၀၀၆ ခုနှစ်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးဘလိုမှ ကျွန်မ ဒေါ်သန်းမြင့်သို့ မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထက်ပါမြေကွက်နှင့်ပတ်သက်၍ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၆၂၆/၂၀၀၆)ဖြင့် အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်၍ ရောင်းချခဲ့သော မြေကွက်ဖြစ်ပါသည်။ ကျွန်မ ဒေါ်သန်းမြင့်အနေဖြင့် အထက်ပါမြေကွက်တွင် ဝယ်ယူခဲ့သော ၂၀၀၆ ခုနှစ်မှစ၍ ယနေ့အချိန်အထိ လက်ရှိပိုင်ဆိုင်နေထိုင်အသုံးပြုလျက်ရှိပါသည်။ ထို့ပြင် ကျွန်မ ဒေါ်သန်းမြင့်အနေဖြင့် ဂရန်အမည်ပေါက်သူ ဦးဘလိုထံမှ အထက်ပါမြေကွက်ကို ဝယ်ယူစဉ်က ဦးဘလို(အစောင့်)၊ တိုင်း(၃)၊ မြန်မာ့မီးရထားအမည်ဖြင့် ချထားပေးသော အကြောင်းကြားစာ(ခ)မြေချမိန့်မူရင်း၊ ဦးဘလို အမည်ဖြင့် ငွေ ၄၀၀၀ ကျပ် ပေးသွင်းထားသည့် ပြေစာမူရင်း၊ မြန်မာ့စီးပွားရေးဘဏ်(၂)သို့ ဦးဘလိုအမည်ဖြင့် ငွေ ၂၄၀၀ ကျပ် ပေးသွင်းထားသည့် ငွေရပြေစာမူရင်း၊ အစိုးရအမည်ပေါက် မြေယာပုံစံ(၁၀၅)မူရင်း၊ ဦးဘလို အမည်ပေါက် မြေယာပုံစံ(၁၀၅)မူရင်း၊ ဦးဘလိုအမည်ဖြင့် တောဂရန်အမှုတွဲအမှတ်(၂၄၄၁/၁၉၉၀-၁၉၉၁)၊ (၃-၁၂-၁၉၉၀)မှ (၂-၁၂-၂၀၂၀)အထိ ချပေးထားသော ဂရန်မူရင်း၊ ဦးဘလိုမှ ဦးသန်းမြင့်သို့ မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ပေးထားသည့် မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၆၂၆/၂၀၀၆)မူရင်း၊ ဦးဘလိုနှင့် ဒေါ်သန်းမြင့်တို့ ချုပ်ဆိုထားသည့် အရောင်းအဝယ်စာချုပ် စသည့် အထက်ပါ ဂရန်မြေကွက်နှင့် ပတ်သက်သော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများမှာ ကျွန်မ ဒေါ်သန်းမြင့်၏ လက်ဝယ်တွင် ရှိနေပါသည်။

အဆိုပါ ဂရန်မြေကွက်နှင့်ပတ်သက်၍ ကျွန်မ ဒေါ်သန်းမြင့်အနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းနှင့် အခြားနည်း လွှဲပြောင်းထားခြင်းများ ပြုလုပ်ထားခြင်း မရှိပါကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှလည်း ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းနှင့် အခြားနည်းလွှဲပြောင်းထားခြင်းများ ပြုလုပ်ပိုင်ခွင့်ကို ပေးအပ်ထားခြင်း မရှိပါ။ အကယ်၍ တစ်စုံတစ်ဦးကဖြစ်စေ၊ အများကဖြစ်စေ ကျွန်မပိုင်ဆိုင်သည့် အထက်ပါဂရန်မြေကွက်အား မရိုးမဖြောင့်သောဆန္ဒနှင့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများရှိခဲ့ပါက ကျွန်မ ဒေါ်သန်းမြင့်၏ တာဝန်မဟုတ်သလို၊ ကျွန်မ ဒေါ်သန်းမြင့်နှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းမြင့်(ဘ)ဦးကျော်ဝင်း (၁၃/နခတ(နိုင်)၀၀၈၈၀၄)**
**အကွက်(နန-၇)၊ ဦးပိုင်(၅)၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဌာနအသီးသီးမှ အသုံးပြုရန် လိုအပ်လျက်ရှိသော ရုံးသုံးပုံနှိပ်ပုံစံ(၉၆)မျိုးကို မြန်မာကျပ်ငွေဖြင့် ပုံနှိပ်အပ်နှံရန်အတွက် အိတ်ဖွင့်ဈေးနှုန်း တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းလုပ်ငန်းအား အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး တင်ဒါလျှောက်လွှာ တစ်စုံလျှင် ကျပ်၁၀,၀၀၀/-နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ သိရှိလိုသော အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန၊ ဖုန်း (၀၂-၄၀၆၄၇၅၀)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁-၄-၂၀၂၅ ရက်
(ခ) တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်/အချိန် - ၁၁-၄-၂၀၂၅ ရက်၊ (၁၆:၀၀)နာရီ
(ဂ) အိတ်ဖွင့်တင်ဒါကျင်းပမည့်နေရာ - မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီအစည်းအဝေးခန်းမ
(ဃ) တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်ရက်/အချိန် - ၂၉-၄-၂၀၂၅ ရက် (၁၀:၀၀)နာရီ

**တင်ဒါကော်မတီ**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဌာနအသီးသီးမှ အသုံးပြုရန် လိုအပ်သော ရုံးသုံးစက္ကူ၊ စာရေးကိရိယာ(၂၅)မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်ဈေးနှုန်း တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းလုပ်ငန်းအား အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး တင်ဒါလျှောက်လွှာ တစ်စုံလျှင် ကျပ်၁၀,၀၀၀/-နှုန်းဖြင့် နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)နှင့်အတူ ဝယ်ယူနိုင်ပါသည်။ သိရှိလိုသော အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန၊ ဖုန်း (၀၂-၄၀၆၄၇၅၀)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁-၄-၂၀၂၅ ရက်
(ခ) တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်/အချိန် - ၁၁-၄-၂၀၂၅ ရက်၊ (၁၆:၀၀)နာရီ
(ဂ) အိတ်ဖွင့်တင်ဒါကျင်းပမည့်နေရာ - မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီအစည်းအဝေးခန်းမ
(ဃ) တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်ရက်/အချိန် - ၂၅-၄-၂၀၂၅ ရက် (၁၀:၀၀)နာရီ

**တင်ဒါကော်မတီ**

## အများသိစေရန် သတိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ ၈၆လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြားနေ ဒေါ်လှခင်(၁/ဗမန(နိုင်)၀၃၆၈၅၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာပါသည်။

ကျွန်ုပ်အမှုသည် ဒေါ်လှခင်သည် SUZUKISWIFT အင်ဂျင်နံပါတ်- A 12 B-1448652၊ ချက်လ်စီအမှတ်- 2C- 725127317 ၊ ယာဉ်အမှတ် (4N-1727) ၏ ပိုင်ရှင်ဖြစ်ပါသည်။ မန္တလေးမြို့၊ ၂၂လမ်း၊ လမ်း၉၀နေ ကိုကျော်စိုးဦးထံမှ ငွေခေတ္တချေးယူထားသဖြင့် (၂၀-၉-၂၀၂၄) ရက်တွင် အဆိုပါကားကို ယုံကြည်စိတ်ချစွာ ပေးအပ်ထားခဲ့ပါသည်။ ချေးယူထားသည့်ငွေ ပြန်လည်ပေးအပ်သည့်အချိန်၌ အတွေ့မခံဘဲ ကားကို အလွဲသုံးစားပြုလုပ်၍ ရှောင်တိမ်းနေသည်ဟု ကျွန်ုပ်အမှုသည်က ကြားသိခဲ့ရပါသည်။

သို့ဖြစ်ရာ အဆိုပါ SUZUKISWIFT 4N-1727 ကားကို ဝယ်ယူခြင်း၊ အပေါင်ခံခြင်း စသည်တို့ မပြုလုပ်ကြရန် သတိပေးကြေညာပါသည်။

အဆိုပါကားကို တွေ့ရှိ၍ ဖုန်းနံပါတ် ၀၉-၅၁၃၂၀၁၈၊ ၀၉-၂၀၆၁၁၆၈ သို့ ဆက်သွယ်သတင်းပေးပို့လာပါက ကျွန်ုပ်အမှုသည်က ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်မည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးထက်ပိုင်စိုး (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**ရုံးခန်း – လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း – ၀၉-၄၀၂၆၄၇၆၂၄**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၀၆)နေ ဒေါ်မြင့်မြင့်စန်း(ဘ)ဦးရွှေရီ(၅/စကန(နိုင်)၁၆၇၉၀၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဒေါ်မြင့်မြင့်စန်း၏ သားဖြစ်သူ မောင်ပြည့်ဖြိုးအောင်(ဘ)ဦးအောင်သန်း(၉/မဟာမ(နိုင်)၀၂၀၉၆၇)ကိုင်ဆောင်သူသည် မိခင်၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် မိမိ၏ သဘောဆန္ဒအလျောက် နေအိမ်မှ ထွက်ခွာသွားသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ မောင်ပြည့်ဖြိုးအောင်နှင့်ပတ်သက်သည့် လူမှုရေးအရှုပ်အရှင်းပြဿနာများ၊ ငွေရေးကြေးရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စရပ်များကိုမျှ ကျွန်ုပ်၏မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းနှင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းကို အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဆန်းဝေယံမင်းခန့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၄၅၀)**
**အကွက်(၃၉၀)၊ သံ/နောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၈၁၆၆၅၅**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၅လမ်းနှင့် ၆၄လမ်းနေ ဦးစိုးညွန့်လှိုင်(ဘ)ဦးမြလှိုင်(၈/စလန(နိုင်)၀၆၈၃၈၂)နှင့် ဒေါ်ကေသီလှိုင်(ဘ)ဦးဖုန်းမြင့်(၅/ရဘန(နိုင်)၁၁၄၁၂၅)ကိုင်ဆောင်သူတို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာလိုက်သည်။

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)၊ အကွက်အမှတ်(ဈ-၁)၊ ဦးပိုင်အမှတ်(၉၀-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဒေါ်တင်ရည် အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ (၃)ထပ် အဆောက်အအုံ၊ မီးမီတာ အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကိုယ်တိုင်တရားဝင် အကြွင်းမဲ့ လက်ရှိထား ပိုင်ဆိုင်လျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်သော ဦးသန့်ဆွေဦး၊ ဒေါ်နွေးနွေးမြင့်မောင်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတို့က အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်သည်။

**လွှဲအပ်ချက်အရ –**
**ဒေါ်ဖြူဖြူဝင်း (LL.B) , D.L 101 I.P Law (Geneve) , Diploma in Political Science**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၄၉၇)၊ ပြည်တော်သာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ Ph ; 09-43011344**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၉)၊ ဦးပိုင်အမှတ်(၅၅)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးတင်မြင့် အမည်ဖြင့် နှစ်(၃၀) ဂရန် ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့်တကွ ယင်းဂရန်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်တင်မြင့်(ဘ)ဦးချစ်ရန်(အမ်ဒီပိုင်အက်စ်အီး-၀၀၇၄၁၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မွှူးမွှူးမြတ်သွယ်(LL.B) ဒေါ်ပွင့်ဖြူကျော်(LL.B)**
**(အထက်တန်းရှေ့နေများ)**
**(TNS Law Firm & Legal Services)**
**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (ဓ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်ကြီးရပ်ကွက်၊ အကွက်အမှတ်(၄၁၈)၊ ဦးပိုင်အမှတ်(၄-ဌ)၊ ဧရိယာ(၀ ဒသမ ၂၄)ဧက အကျယ်အဝန်းရှိ ဒေါ်မိုးမိုးထွန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံ၊ ပေါက်ရောက်သစ်ပင်၊ နေထိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိအမည်ပေါက် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုကာ အဆိုပြုရောင်းချသူ ဒေါ်မိုးမိုးထွန်း(ဘ)ဦးထွန်းရွှေ(၁၂/ကမတ(နိုင်)၀၀၅၄၉၄)က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်တို့အမှုသည်ထံ အဆိုပြုပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့အမှုသည်ကလည်း ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်လပြည့် (ဥပဒေဘွဲ့)**
**ဦးအောင်မျိုးထွန်း(ဥပဒေဘွဲ့) ဦးထက်ပိုင်စိုး(ဥပဒေဘွဲ့) ဒေါ်ဝင်းမာ(ဥပဒေဘွဲ့) ဒေါ်ထက်ထက်လှိုင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးကျော်ရဲအောင်(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ**
**ရုံးခန်း – လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၅၅၉၂၆၊ ၀၉-၇၅၂၄၅၅၉၂၆၊ ၀၉-၉၄၀၇၉၀၀၉၉၊ ၀၉-၇၉၇၃၅၀၀၇၁၊ ၀၉-၄၀၂၆၄၇၆၂၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၀)၊ ဦးပိုင်အမှတ်(၅၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အတွင်းမှ မြောက်ဘက်အလယ်ခြမ်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် SHINT LAN(ဘ)ဦးအိုက်စိုး(၅/ခတန(ပြု)၀၀၀၁၁၆)နှင့် ဦးသောင်းနိုင်ထွန်း(ဘ)ဦးထွန်းရင်(၉/မရတ(နိုင်)၀၁၁၂၃၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်သည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးဟိန်းကိုကိုယု(B.Sc Forestry, PGDL)**
**အထက်တန်းရှေ့နေ**
**အမှတ်(၆၇–က)၊ ၁၁၅(အေ)လမ်း၊ ၆၀(စီ)လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၃၅၂၃၀၊ ၀၉-၉၇၇၂၉၂၄၂၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(E)၊ ဦးပိုင်အမှတ်(၂၇)၊ ဧရိယာ(၀ ဒသမ ၁၁၀၂)ဧက အကျယ်အဝန်းရှိ ဒေါ်သီတာတင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အအုံ(ရေ+မီး)အပါအဝင် ဝင်းခြံအကာအရံ၊ ပေါက်ရောက်သစ်ပင်၊ နေထိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိအမည်ပေါက် တရားဝင်လက်ရှိပိုင်ဆိုင်ပါကြောင်း ဝန်ခံကတိပြုကာ အဆိုပြုရောင်းချသူ ဒေါ်သီတာတင်(ဘ)ဦးမောင်မောင်တင်(၁၂/ကမတ(နိုင်)၀၀၈၀၄၄)က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်တို့အမှုသည်ထံ အဆိုပြုပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့အမှုသည်ကလည်း ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်လပြည့် (ဥပဒေဘွဲ့)**
**ဦးအောင်မျိုးထွန်း(ဥပဒေဘွဲ့) ဦးထက်ပိုင်စိုး(ဥပဒေဘွဲ့) ဒေါ်ဝင်းမာ(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ထက်ထက်လှိုင်(ဥပဒေဘွဲ့) ဦးကျော်ရဲအောင်(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေများ**
**ရုံးခန်း – လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၅၅၉၂၆၊ ၀၉-၇၅၂၄၅၅၉၂၆၊ ၀၉-၉၄၀၇၉၀၀၉၉၊ ၀၉-၇၉၇၃၅၀၀၇၁၊ ၀၉-၄၀၂၆၄၇၆၂၄**

## ဒေါ်သိန်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၃)၊ ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ(၀ ဒသမ ၀၃၀၉)ဧက အကျယ်အဝန်းရှိ ဒေါ်သိန်း အမည်ပေါက် တောဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သိန်းထံမှ ကျွန်တော် ဦးရမ်းဗဟာဒူး(ဘ)ဦးအင်ဒရာဗဟာဒူး(၉/မကန(နိုင်)၀၉၉၁၂၂)က (၁၈-၁၁-၂၀၀၅)ရက်တွင် မြေကွက်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ အရောင်းအဝယ်ကတိစာချုပ်အရ ဖော်ပြပါတောဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ဒေါ်သိန်းမှ ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ချုပ်ဆိုပေးရန် အသိပေးအကြောင်းကြားပါသည်။ အကယ်၍ ဒေါ်သိန်းအနေဖြင့် ဤကြေညာပါရှိသည့်အတိုင်း လာရောက်ချုပ်ဆိုခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်သိန်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ကြေညာသူ–**
**ဦးရမ်းဗဟာဒူး(၉/မကန(နိုင်)၀၉၉၁၂၂)**
**အကွက်(ဗ–၃/ ၂၄)၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၄၁၅-S)၊ ဦးပိုင်အမှတ်(၁၀-ဈ)၊ ဧရိယာ(၀ ဒသမ ၀၃၀၁)ဧက အကျယ်အဝန်းရှိ ဦးငွေအောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၁)ထပ် အဆောက်အအုံ(ရေ+မီး)အပါအဝင် ဝင်းခြံအကာအရံ၊ ပေါက်ရောက်သစ်ပင်၊ နေထိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ဝန်ခံကတိပြုကာ အဆိုပြုရောင်းချသူ ဒေါ်နန်းငွေရင်(ဘ)ဦးလှဘော်(၁၃/လရန(နိုင်)၀၃၈၉၈၁)က ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်တို့အမှုသည်ထံ အဆိုပြု ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့အမှုသည်ကလည်း ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်လပြည့် (ဥပဒေဘွဲ့)**
**ဦးအောင်မျိုးထွန်း(ဥပဒေဘွဲ့) ဦးထက်ပိုင်စိုး(ဥပဒေဘွဲ့) ဒေါ်ဝင်းမာ(ဥပဒေဘွဲ့) ဒေါ်ထက်ထက်လှိုင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးကျော်ရဲအောင်(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ**
**ရုံးခန်း – လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၅၅၉၂၆၊ ၀၉-၇၅၂၄၅၅၉၂၆၊ ၀၉-၉၄၀၇၉၀၀၉၉၊ ၀၉-၇၉၇၃၅၀၀၇၁၊ ၀၉-၄၀၂၆၄၇၆၂၄**

## ကန့်ကွက်နိုင်ပါသည်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာအိမ်ရာ၊ ၄၈လမ်း၊ ၁၁၇လမ်းနှင့် ၁၁၈လမ်းကြားရှိ (မမ-၁၅)၊ တိုက်(၂၀)၊ အခန်း(၆)မြေညီထပ် တိုက်ခန်းအမည်ပေါက် ဦးဇော်မျိုးဝင်း(ဘ)ဦးဖုန်းအေး(၉/သပက(နိုင်)၀၄၇၀၉၅) (၄င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးစိုးဝင်းလှိုင်)ထံမှ ကျွန်မ ဒေါ်အေးမြင့်ရီ(ဘ)ဦးမောင်မြင့်(၈/ရစက(နိုင်)၁၅၀၉၇၃)မှ ဝယ်ယူ၍ အမည်ပြောင်း လျှောက်ထားမည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ဖြစ်စေ၊ အောက်ပါလိပ်စာအတိုင်းဖြစ်စေ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်အေးမြင့်ရီ(ဘ)ဦးမောင်မြင့်(၈/ရစက(နိုင်)၁၅၀၉၇၃)**
**၅၉လမ်း၊ ၁၁၂(အေ)လမ်းထောင့်၊ ကန်သာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၇)၊ ဦးပိုင်အမှတ် (၁၂)၊ ၆၅လမ်း၊ ၁၃၄လမ်းနှင့် ၁၃၅လမ်းကြားရှိ ဦးမွေး အမည်ပေါက် တောဂရန်မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးမွေး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၅၀၄/၂၀၁၆)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်မာအေး(၉/မရတ(နိုင်)၀၇၁၀၀၅)၏ (SP ရရှိသူ ဦးမျိုးမင်းမင်းလတ်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၇၄၄၈/၂၀၂၄-၂၀၂၅) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ဖခင်အမည်မှန်

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၃၇) အခြေခံပညာအထက်တန်းကျောင်း Grade-7 မှ မောင်ထွန်းထက်နိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးအောင်မြင့်ဦး ဖြစ်ပါသည်။

ဦးအောင်မြင့်ဦး(၉/ပသက(နိုင်)၀၉၈၄၆၉)

# နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၂၅ ခုနှစ် နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်ဥယျာဉ်ပြင်၌ ကျင်းပပြုလုပ်သည်။

အကြိုဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် နှစ် (၈၀)ပြည့်တပ်မတော်နေ့ အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်အကြို ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin နှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နှင့်အဖွဲ့ဝင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရဲဘော်သုံးကျိပ်ဝင် မိသားစုဝင်များ၊ အငြိမ်းစား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သားအငြိမ်းစားသံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ စာမျက်နှာ ၆ သို့ ✳



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်အကြို ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## မြန်မာ့အသင်းယှဉ်ပြိုင်မည့် ၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စုမဲခွဲမည်

ရန်ကုန် မတ် ၂၆

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို မတ် ၂၇ ရက်တွင် ပြုလုပ်သွားမည် ဖြစ်သည်။

ယင်းခြေစစ်ပွဲကို အသင်းစုစုပေါင်း ၃၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု ရှစ်စုခွဲ၍ ငါးသင်းနှစ်အုပ်စုနှင့် လေးသင်းခြောက်အုပ်စု ပါဝင်မည်ဖြစ်သည်။ ၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲမှ မြန်မာအသင်းပါဝင်သော အုပ်စုပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့သည်။ အုပ်စုရှစ်ခုကို အိမ်ရှင်နိုင်ငံများအဖြစ် မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ ဥဇဘက်ကစ္စတန်၊ ဂျော်ဒန်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် တာဂျစ်ကစ္စတန်နိုင်ငံတို့ကို ရွေးချယ်ထားသည်။ ခြေစစ်ပွဲ အုပ်စုမဲခွဲရန် ဆွဲဒင်သတ်မှတ်ချက်အရ Pot-1 တွင် မြောက်ကိုရီးယား၊ ဖိလစ်ပိုင်၊ တရုတ်(တိုင်ပေ)၊ အီရန်၊ ဗီယက်နမ်၊ ထိုင်း၊ မြန်မာ၊ ဥဇဘက်ကစ္စတန်၊ Pot-2 တွင် အိန္ဒိယ၊ ဟောင်ကောင်၊ ဘာရိန်း၊ ဂူအမ်၊ နီပေါ၊ မလေးရှား၊ ဂျော်ဒန်၊ အင်ဒိုနီးရှား၊ Pot-3 တွင် လာအို၊ ယူအေအီး၊ မွန်ဂိုလီးယား၊ လက်ဘနွန်၊ ဘင်္ဂလားဒေ့ရှ်၊ ကာဂျစ္စတန်၊ ပါလက်စတိုင်း၊ ကမ္ဘောဒီးယား၊ Pot-4 တွင် တာဂျစ်ကစ္စတန်၊ စင်ကာပူ၊ တာ့ခ်မင်နစ္စတန်၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ တီမော၊ မော်လ်ဒိုက်၊ ဆော်ဒီအာရေဗျ၊ Pot-5 တွင် ဘူတန်နှင့် အီရတ်တို့ ပါဝင်နေသည်။

ခြေစစ်ပွဲအုပ်စုပွဲများကို ဇွန် ၂၃ ရက်မှ ဇူလိုင် ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်စုစီမှ ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ၂၀၂၆ အာရှဖလားအမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ၂၀၂၆ ခုနှစ် မတ် ၁ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင် ဩစတြေးလျအသင်းအပါအဝင် နောက်ဆုံးကျင်းပသည့် ၂၀၂၂ ပြိုင်ပွဲ လက်ရှိချန်ပီယံ တရုတ်၊ ဒုတိယဆုရ တောင်ကိုရီးယားအသင်းနှင့် တတိယဆုရ ဂျပန်အသင်းတို့မှာ ခြေစစ်ပွဲကန်စရာမလိုဘဲ တိုက်ရိုက်ကစားခွင့်ရမည် ဖြစ်သည်။ (NGB)



တပ်မတော်နေ့အထူးထုတ် (၄)မျက်နှာ ပါရှိသည်။